မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံးဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟုဆိုအပ်၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၂)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
၂၀၂၄ ခုနှစ်၊ မေ ၁၀ ရက်၊ သောကြာနေ့


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။
၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။
၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။
၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် “စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု” အခမ်းအနားကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

## နေပြည်တော်ကိုဗဟိုပြု၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်လည်း “စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု”များကို အားပေးဆောင်ရွက်



**နေပြည်တော် မေ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် “စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု” အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။




ကုန်ဆုံးသွားသောစွမ်းအားများ
DAGON MALTA FRESH
နဲ့ ဖြည့်စွမ်းထား

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ မေ ၁၀ ရက်)

# မွန်မြတ်သောအလှူဒါနနှင့် ကောင်းသောဆောင်ရွက်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ "စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု" အခမ်းအနားကို ၂၀၂၄ ခုနှစ် မေလ ၉ ရက်တွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပရာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အဦများ လှူဒါန်းမှုစုစုပေါင်းအနေဖြင့် စာကြည့်တိုက် ၁၄၇ တိုက်အတွက် ငွေကျပ်သိန်းပေါင်း ၂၂၀၅၀ နှင့် စာအုပ်စာစောင် စုစုပေါင်း ၇၀၇၈၀ ဖြစ်ကြောင်း သိရသည်။

စာအုပ်စာစောင်များလှူဒါန်းခြင်းသည် လူတိုင်းအတွက် ကောင်းမွန်သောဓမ္မအလှူကိုလှူခြင်းဖြစ်သည်။ စာပေဖတ်ရှုခြင်းဖြင့် မိမိတို့ဘဝကိုတိုးတက်အောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ စာပေမှရရှိသောအသိတရားဖြင့် မကောင်းမှုများကို မပြုလုပ်ဘဲ အများကောင်းကျိုးကိုသာ သယ်ပိုးလိုစိတ်များဖြစ်ပေါ်လာမည်ဖြစ်သည်။ **သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ** ဆိုသည့်အတိုင်း အလှူအားလုံးတွင် ဓမ္မအလှူ ၊ ပညာအလှူ ၊ ဉာဏပစ္စည်းအလှူသည်အမြတ်ဆုံးဖြစ်သည်။ ဤလောကတွင်ပေးလှူချင်စိတ်ရှိခြင်းသည် ကောင်းသည့်စိတ်ထားဖြစ်သည်။ အပေးဟူသမျှတွင် အသိဉာဏ်ကိုဖွင့်ပေးခြင်းမှာ အကောင်းဆုံးဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စံ (၅)ရပ်နှင့်ကိုက်ညီသည့်ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက် ၆၁၀၆ ခုရှိရာ လက်ရှိအခြေအနေအရ စာကြည့်တိုက် ၃၅၀၈ တိုက်သာကျန်ရှိပြီး ၂၅၉၈ တိုက်မှာ ရပ်နားခဲ့ရသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူခံရရှိသည့်အလှူငွေနှင့်စာအုပ်စာစောင်များကိုသုံးစွဲရာတွင် လုပ်ငန်းစဉ်(၄)ရပ်သတ်မှတ်ထားရှိပြီး ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါလုပ်ငန်းစဉ်(၄)ရပ်မှာ ရပ်နားထားသည့်စာကြည့်တိုက်များကို ပြန်လည်ဖွင့်လှစ်ရေးလုပ်ငန်းစဉ်၊ စာကြည့်တိုက်များအသစ်တည်ထောင်ဖွင့်လှစ်မည့်လုပ်ငန်းစဉ်၊ ပြည်သူများစာပေဖတ်ရှုလေ့လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မည့်လုပ်ငန်းစဉ်နှင့် စာအုပ်စာစောင်များဖြန့်ဝေမည့်လုပ်ငန်းစဉ်များဖြစ်သည်။

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် လုပ်ငန်းစဉ်လေးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ စာကြည့်တိုက်များထာဝစဉ်ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေများထပ်မံရရှိရေးအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် လှူဒါန်းပွဲများကျင်းပလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များပျိုးထောင်ရေးအတွက် လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြစေရန်နှင့်စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်ဖန်တီးပေးနိုင်ရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအောင်မြင်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများလူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေရေးနှင့် အနာဂတ်တွင်အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးအတွက် စာကြည့်တိုက်များက အခြေခံအုတ်မြစ်ဖြစ်သည်။ စာကြည့်တိုက်များကလူမှုစီးပွားဘဝဖွံ့ဖြိုးရေးအကြံဉာဏ်ကောင်းများရရှိနိုင်သည်။

လူကိုစိတ်ကအုပ်ချုပ်သည်။ စိတ်ကို ဉာဏ်ပညာကအုပ်ချုပ်သည်။ ဉာဏ်ပညာကိုဗဟုသုတကအုပ်ချုပ်သည်။ သို့ဖြစ်၍ဗဟုသုတရှိစေရန် စာအုပ်စာတမ်းအမျိုးမျိုးတို့ကိုဖတ်ကြရမည်ဖြစ်သည်။ မြန်မာစကားပုံတွင် **"ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်"**ဟူ၍ဆိုရိုးစကားရှိသည်။ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံးအခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့်နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့်ကြုံတွေ့ရင်ဆိုင်နေရသူများကိုလည်း မြင်တွေ့နေကြပြီးဖြစ်သည်။

စာဆိုရှင်မဟာရဋ္ဌသာရက **"ဟုတ်သောအကြံ၊ မှန်သောအကျင့်၊ သင့်သောအယူ၊ ဖြူသောနှလုံး၊ သူတော်ထုံးကို စွဲသုံးသောထွေ၊ မှန်လှစေ။ ငါ၏စိတ်တွင် ထင်၏မလွဲ၊ လိပ်ခဲတည်းလည်း၊ ဟုတ်တည်းဧကန်၊ အာမသန်နှင့်၊ မှန်သည်တစေ၊ မရှိချေ။ မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်"** ဟူ၍ တိုက်တွန်းခဲ့သည်မှာ နှစ်ပေါင်းများစွာကြာသော်လည်း မှန်ကန်နေဆဲဖြစ်သည်။ ပညာသည်ဘဝအလင်းရောင်မည်သည်။ ပညာအလင်းရောင်မရှိပါလျှင် သူကန်းနှင့်တူသည်။ သူကန်းကား အဘယ်သို့လျှင် သွားလာမည်နည်း။ သွားလာတုံ့ခါက် မြန်မြန်လျှောက်က ချောက်ထဲကျမည်သာဖြစ်သည်။ ပညာ၏တန်ဖိုးကား ရေးပြ၍မကုန်နိုင်အောင်များပြားလှသည်။

စာဖတ်သည့်သူကသာ ကမ္ဘာကြီးကိုပိုင်စိုးသည်ဟုဆိုထားသည်မှာ ပညာခေတ်တွင် လက်တွေ့မှန်ကန်သည့်အရာဖြစ်သည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရည်မြင့်မားခြင်းက အဓိကနေရာတွင်ရှိနေသည်။ စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝသည့်ဗလငါးတန်ပြည့်ဝသောလူငယ်များ ပေါ်ထွက်လာစေရေးမှာ တာဝန်ရှိသူများ၊ မိဘများ၊ ဆရာ၊ ဆရာမများက ကြိုးစားဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ပြည်သူများစာအုပ်စာပေဖတ်ရှုရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီထားရှိပေးရန်အတွက် စာကြည့်တိုက်များကို အားပေးမြှင့်တင်ပေးခြင်း၊ စာတတ်သူတိုင်းစာဖတ်ကြစေရေး နှိုးဆော်တိုက်တွန်းခြင်းများကို ဆောင်ရွက်နေသည်မှာ နိုင်ငံနှင့်လူမျိုးတို့၏ အနာဂတ်အတွက် ကောင်းသောဆောင်ရွက်ချက်များဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

ငဖဲ၊ လူမှုရေး

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး သွန် လဲ စစ် လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိပြည်သူများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေး ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်ခြင်းကို မေလ ၉ ရက် နံနက်ပိုင်းတွင် ငဖဲမြို့ စည်ပင်ကွက်သစ်၌ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ငဖဲမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်စာရေးများပူးပေါင်းကာ မိုးဦးကျရာသီတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်နှင့် ၎င်းဖျားရောဂါကင်းဝေးစေရန်အတွက် ကျောင်းတွင်းရပ်ကွက် စည်ပင်ကွက်သစ်အတွင်းရှိ နေအိမ်များတွင် ခြင်များခိုအောင်း နေထိုင်ပေါက်ပွားမှု မဖြစ်ပေါ်စေရေး ရေအိုး၊ ရေစည်၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်သည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာသိကောင်းစရာများကို ရပ်ကွက်နေပြည်သူများအား အသိပညာပေးပြောကြားကြောင်း သိရသည်။

**မယု(ငဖဲ)**

နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးအောင်မျိုးအေး၊ ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အောင်ရဲ့အခါ

ခင်ဆွေဦး

**ယမန်နေ့မှအဆက်**

**အခန်း (၅၁)**

စိတ်ငြိမ်မှ ငြိမ်ပါစေတော့၊ စိတ်ထဲ တုန်လှုပ်တာတွေကို ပျောက်မှ ပျောက်ပါစေတော့လို့ ကိုအောင့်လွယ်အိတ်ထဲက စာအုပ်တွေ၊ စာရွက်တွေပဲ မွှေဖတ်နေမိတယ်။

ကိုအောင်က ငါရှိနေတာနဲ့ သူ့လွယ်အိတ်ကိုအပ်ထားခဲ့တယ်။

သူ့လွယ်အိတ်ထဲမှာ အရေးကြီးတာလည်း ပါမယ်မထင်ပါဘူး။

ပါဦးတော့လည်း ငါ ဒီလို ယူဖတ်တာ စည်းကမ်းမဲ့ရာ မကျပါဘူး။

ငါ့လွယ်အိတ်တို့၊ ဖိုင်တွဲတို့လည်း သူမွှေနေကျပဲဟာ။

ပြီးတော့ ကိုလတ် တစ်ခါတုန်းကပြောခဲ့ဖူးတာကိုလည်း သတိရမိတယ်။

ကိုယ်တို့မှာ လျှို့ဝှက်ချက်ဆိုတာ မရှိဘူး။

အထူးသဖြင့် ကိုယ်နဲ့ ကိုအောင်မှာပေါ့။

ကိုယ်အောင်နဲ့ကိုယ်တို့ ဆက်ဆံရေးကို အတွင်းကျကျသိရရင် အောင်ဒီ့ထက် ပိုအံ့ဩလိမ့်မယ်ဆိုတာလေ။

သူတို့နှစ်ယောက် ကြည့်ရတာလည်း လင်မယားထက်တောင် ရင်းနှီးသေးတယ်။

ရဲဘော်ရဲဘက်အချစ်ဆိုတာ ဒါပဲလို့ ငါလည်းအားကျခဲ့မိသေးတယ်။

ကိုအောင်လည်း ငါ့အချစ်ဆုံးသူငယ်ချင်းပဲ။

ကိုလတ်က ငါ့ချစ်သူဖြစ်လာတဲ့အခါမှာ ကိုအောင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်း ဖြစ်လာတာ မဆန်းပါဘူး။

**“ကိုလတ်က ငါ့ချစ်သူဖြစ်လာတဲ့အခါမှာ ကိုအောင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းဖြစ်လာတာ မဆန်းပါဘူး။**

**ကိုအောင်ဟာလည်း ငါ့ဘဝမှာ မားမားမတ်မတ်ရပ်နေတဲ့ လူတစ်ယောက်ပါ။**

**ပြီးတော့ သူငါ့ကိုချစ်ပုံ၊ ခင်ပုံလေးကလည်း တကယ့်မောင်နှမရင်းချာလိုပဲ ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ ရိုးဖြောင့်တယ်၊ တွယ်တာကြင်နာတယ်။**

**ဒီအတွေးတွေနဲ့ စိတ်က နည်းနည်းငြိမ်သက်တည်ကြည်လာပြန်တယ်။**

**ကိုအောင်လည်း ကိုလတ်အတွက် သွေးပုလင်းတွေ လိုက်ရှာနေရတယ်. . .”**

ကိုအောင်ဟာလည်း ငါ့ဘဝမှာ မားမားမတ်မတ်ရပ်နေတဲ့ လူတစ်ယောက်ပါ။

ပြီးတော့ သူ ငါ့ကိုချစ်ပုံ၊ ခင်ပုံလေးကလည်း တကယ့်မောင်နှမရင်းချာလိုပဲ ဖြူစင်တယ်၊ သန့်ရှင်းတယ်၊ ရိုးဖြောင့်တယ်၊ တွယ်တာကြင်နာတယ်။

ဒီအတွေးတွေနဲ့ စိတ်က နည်းနည်းငြိမ်သက်တည်ကြည်လာပြန်တယ်။

ကိုအောင်လည်း ကိုလတ်အတွက် သွေးပုလင်းတွေ လိုက်ရှာနေရတယ်။

ကိုလတ်ရဲ့ သွေးအမျိုးအစားနဲ့ မတူကြလို့ ဘယ်သူမှ သွေးမလှူနိုင်ကြဘူး။

ပြီးတော့ လိုတာက အလောတကြီး။

ကိုလတ်ကို ခွဲစိတ်ရမယ့်ဆရာဝန်က သူလိုအပ်တဲ့သွေးပုလင်းတွေကို ရှာခိုင်းတာနဲ့ ကိုအောင်လည်း ပြေးလွှားနေရတယ်။

ခွဲစိတ်ရခါနီး ကိုအောင့်ရဲ့အခြေအနေကို ကောင်းစေချင်လှပြီ။

ငါနဲ့ချောစုလည်း ကိုလတ်ရဲ့ခုတင်နား ခဏခဏသွားသွားကြည့်နေမိတယ်။

ပြီးတော့ ကိုအောင်လုပ်သလို ကိုလတ်ရဲ့ ရင်ဘတ်နားကပ်ပြီး အသက်ရှူသံကို နားထောင်ကြည့်နေမိတယ်။

နောက်တော့ ကိုလတ်ရဲ့အမေနဲ့ သူ့နှမလေး ခင်မလတ်တို့ရှေ့မှာ ငါတို့ ဒီလိုစိတ်ပူနေတာ ကောင်းပါ့မလားတွေးပြီး အားနာလာတယ်။

ရှက်လည်း ရှက်လာတယ်။

စိတ်ကလည်း နည်းနည်းမှ ဂနာမငြိမ်ဘူး။

ရင်ထဲမှာ လှိုင်းတံပိုးတွေ ထန်နေသလိုပဲ။

ငါသာမဟုတ်ဘူး၊ ချောစုလည်း ငါ့လိုပါပဲ။

ထိုင်လိုက်၊ ထလိုက်နဲ့ နည်းနည်းမှ ငြိမ်ငြိမ်ထိုင်လို့မရဘူး။

ပြီးတော့ ကောင်မလေးက အရေးရယ်၊ အကြောင်းရယ် စိတ်လှုပ်ရှားရင် အိမ်သာကို ခဏခဏသွားရတတ်တယ်။

ငါလည်း စိတ်လှုပ်ရှားနေတာတွေ သက်မှသက်သာပါစေရယ်တော့လို့ ဒီမှတ်တမ်းကို ထိုင်ရေးနေရတယ်။

တကယ်တော့ ဒီအမှတ်တရ မှတ်တမ်းကို ငါ မရေးချင်ပါဘူး။

မှတ်လည်း မမှတ်မိချင်ပါဘူး။

အမှတ်တရ ဖြစ်ချင်စရာကောင်းတဲ့ အဖြစ်အပျက်တွေမှ မဟုတ်တာ။

ဆေးရုံဆိုတဲ့အရပ်ဟာ ဘယ်သူမှ စုဝေးချင်စရာကောင်းတဲ့ အရပ်မှမဟုတ်ဘဲ။

တစ်ခါတုန်းက ငါ ကိုလတ်နဲ့ပြောခဲ့ဖူးသေးတယ်လေ။

ငါ ဘာကြောင့် တွေးတောပူပန်နေရမှာနည်း။ ငါ ကိုယ့်အလုပ်ကိုလုပ်မည်။

ကမ္ဘာလောကက သူ့အလုပ်ကို လုပ်လိမ့်မည်တဲ့။

သူ့အလုပ်ကိုလုပ်တဲ့ ကမ္ဘာလောကကြီးကလည်း ရက်စက်လိုက်တာနော်လို့ ငါ့စိတ်ထဲမှာ ရန်တွေ့နေမိတယ်။

ဟုတ်တယ်။

ကမ္ဘာလောကကြီးက သိပ်ရက်စက်တာပဲ။

လူတိုင်းကိုတော့ ဟုတ်ချင်မှ ဟုတ်မှာပါ။

ဒါပေမဲ့ ငါတို့ကိုတော့ ရက်စက်တယ်။

ပြီးတော့ ငါတို့လို လူများစုကို. . .။

**ဆက်လက်ဖော်ပြပါမည်။**

---

**အိမ်မဲ၊ စိုက်ပျိုးရေး**

## အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၂၈၆၉ ဧက ရိတ်သိမ်းပြီးစီး

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၂၈၆၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်း၏ပြောကြားချက်အရ သိရသည်။

အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဆီထွက်သီးနှံနေကြာ ၂၈၆၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါနေကြာစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် နေကြာစိုက်ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၁ ဒသမ ၉၆ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

“ပြီးခဲ့တဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ အိမ်မဲမြို့နယ်အနေနဲ့ ဆီထွက်သီးနှံနေကြာ ၂၈၆၉ ဧကအထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့နေကြာတွေကို ပြန်လည်ရိတ်သိမ်းခဲ့တာ လက်ရှိမှာတော့ ဧကအားလုံး ပြန်လည်ရိတ်သိမ်းပြီးပါပြီ။ အိမ်မဲမြို့နယ်မှာ နေကြာအပါအဝင် ဆောင်းသီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တာတွေကို စနစ်တကျစီမံဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးပြီးသီးနှံတွေ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းဖို့ကိုလည်း ဆက်လက်ဆောင်ရွက်ပေးခဲ့ပါတယ်” ဟု ဦးကျော်မိုးဝင်းက ပြောသည်။

အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာများအပါအဝင် ဆောင်းသီးနှံများ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးကုမ္ပဏီများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

---

**တောင်ကြီး၊ လူမှုရေး**

## အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၂၄)နှင့် မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း အမှတ်စဉ်(၃/၂၀၂၄) ဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အေးသာယာမြို့ရှိ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၌ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၂၄)နှင့် မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲကို မေလ ၉ ရက်တွင် ကျင်းပသည်။



အဆိုပါသင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က သုံးလတာကာလအတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွင့်ပြုငွေဖြင့် မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းနှစ်ကြိမ်၊ အခြေခံကွန်ပျူတာသင်တန်းတစ်ကြိမ်နှင့် Bakery & Snack အမျိုးမျိုးထုတ်လုပ်မှုနည်းပညာသင်တန်းတစ်ကြိမ်အပါအဝင် စုစုပေါင်း သက်မွေးပညာသင်တန်းလေးကြိမ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အဆိုပါသင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းဖြင့်လည်းကောင်း၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍လည်းကောင်း ပညာရပ်များကို လက်တွေ့အသုံးချလျက်ရှိသဖြင့် များစွာဝမ်းမြောက်မိကြောင်း၊ ယခုသင်တန်းတက်ရောက်မည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းနည်းပြများ၏ပို့ချချက်များကို ဂရုတစိုက်လိုက်နာမှတ်သား၍ အသေးစားလုပ်ငန်းတစ်ခုထူထောင်နိုင်သည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ပံ့ပိုးပေးသည့် သင်ထောက်ကူပစ္စည်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့ကပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများက လက်ခံရယူကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စာအုပ်စာပေ လူ့မိတ်ဆွေ

**လင်းအရုဏ်ဦး(ပဲခူး)**

**စာအုပ်စာပေသည် မိတ်ဆွေကောင်းဖြစ်၍ ပေါင်းဖက်လာသူမှန်သမျှ၏ ကောင်းကျိုးကို မဖောက်မပြန်ဖြည့်ဆည်းပေးသည်။ စာအုပ်စာပေကို မိတ်ဆွေဖွဲ့ခြင်းဖြင့် ပညာဗဟုသုတတိုးပွားစေသည်။ အတွေးအခေါ်ရင့်သန်စေသည်။ ပညာဗဟုသုတတိုးပွားသဖြင့် စိတ်ကိုပဲ့ပြင်ဆုံးမလာတတ်သလို အတွေးအခေါ်ရင့်သန်မှုက အမှားအမှန်ဝေဖန်ပိုင်းခြားတတ်လာပြီး နေ့စဉ်ကြုံတွေ့ရသောပြဿနာများကို အကောင်းဆုံးဖြေရှင်းလာနိုင်သည်။**

မြန်မာအဘိဓာန်တွင် စာပေဟူသော ဝေါဟာရကို “အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင်ရေးဖွဲ့ထားသည့်စာ”ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းဘာသာတိုင်းတွင် စာနှင့်စာပေအသီးသီး ရှိကြသည်။ စာဟူသည် စကား၏သင်္ကေတဖြစ်သော အက္ခရာများကို စုပေါင်းဖွဲ့စည်း၍ စနစ်တကျစီစဉ်ရေးသားထားသော အမှတ်အသားဖြစ်သည်။ စာကို သုခုမမြောက်အောင်၊ အနုပညာသက်ဝင်အောင် ဖွဲ့စည်းစီရင်တီထွင်လိုက်သော် စာပေဟူ၍ဖြစ်လာသည်။ စာပေဟုခေါ်ဆိုရမည့်စာမျိုး၌ သေးသိမ်သော စဉ်းစားစိတ်ကူးနည်း၊ ညံ့ဖျင်းသောအယူအဆ၊ အတွေးအခေါ်၊ နုံချာသောအသွားအလာမျိုးမပါရှိဘဲ တင့်တယ်ကြည်နူးဖွယ်ရာ၊ အံ့သြဖွယ်ရာအရေးအသားများပါရုံမျှမက ဖြောင့်မတ်တည်ကြည်၍ သမာဓိပြည့်စုံသော စိတ်နှလုံးထားမျိုးပါရှိသည်။ ထို့ကြောင့် စာပေသည် လူမျိုး၏အသက်ခန္ဓာဟု ဆိုနိုင်သည်။

လူသည် ပေါင်းသင်းဆက်ဆံနေထိုင်ရသည်။ တစ်ကိုယ်တည်းနေ၍မရခြင်းကို လူတိုင်းသိကြသည်။ ထို့ကြောင့် လူသည်ပေါင်းသင်းဆက်ဆံရေးသတ္တဝါ ဖြစ်သည်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ထိုသို့ ပေါင်းသင်းဆက်ဆံမှုသည် သက်ရှိလည်းဖြစ်နိုင်သလို သက်မဲ့လည်းဖြစ်တတ်သည်။ ပေါင်းသင်းဆက်ဆံမှုပြုသည့်အခါ အပေါင်းအသင်းမမှားရေး၊ မိတ်ဆွေတုများမဖြစ်စေရေးအလွန်လိုအပ်သည်။ သက်ရှိဟူသည် စိတ်ရှိသဖြင့် စိတ်အပြောင်းအလဲဖြစ်တတ်သလို အပေါင်းအသင်းကြောင့် အန္တရာယ်ရှိလာနိုင်သည်။ စိတ်မရှိသောသက်မဲ့တို့သည်ကား အကျိုးရှိရှိအသုံးချတတ်သည်နှင့်အမျှ ကောင်းကျိုးကိုသာ ပေးစွမ်းမြဲဖြစ်သည်။ ယင်းတို့အနက် စာအုပ်စာပေသည် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းဖြစ်ကြောင်း စာဖတ်ပရိသတ်အားလုံးက အတည်ပြုလက်ခံထားကြသည်။

စာအုပ်စာပေသည် မိတ်ဆွေကောင်းဖြစ်၍ ပေါင်းဖက်လာသူမှန်သမျှ၏ ကောင်းကျိုးကို မဖောက်မပြန်ဖြည့်ဆည်းပေးသည်။ စာအုပ်စာပေကို မိတ်ဆွေဖွဲ့ခြင်းဖြင့် ပညာဗဟုသုတတိုးပွားစေသည်။ အတွေးအခေါ်ရင့်သန်စေသည်။ ပညာဗဟုသုတတိုးပွားသဖြင့် စိတ်ကိုပဲ့ပြင်ဆုံးမလာတတ်သလို အတွေးအခေါ်ရင့်သန်မှုက အမှားအမှန်ဝေဖန်ပိုင်းခြားတတ်လာပြီး နေ့စဉ်ကြုံတွေ့ရသောပြဿနာများကို အကောင်းဆုံးဖြေရှင်းလာနိုင်သည်။ စာအုပ်ကောင်းများသည် မိတ်ဆွေကောင်းဖြစ်သည့်အတွက် ယနေ့ကောင်းသလို အစဉ်အဆက်လည်း ကောင်းမြဲဖြစ်သည်။ ကျွန်ုပ်တို့သည် မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ကို ဝေးဝေးလံလံရှာဖွေစရာမလိုအပ်ပေ။ နေရာဌာနတိုင်း၌ရှိနေသော စာအုပ်အပေါင်းကား မိတ်ဆွေကောင်းများသာဖြစ်သည်။ မိတ်ကောင်းဆွေကောင်းဟုဆိုအပ်သော စာအုပ်ကောင်းများမြောက်မြားစွာရှိသည်။

စာတတ်သော်လည်း စာမဖတ်သူသည် ပြတင်းတံခါးပိတ်ထားသော အိမ်နှင့်အလားသဏ္ဌာန်တူသည်။ အိမ်တွင်းမှပြင်ပသို့ မြင်နိုင်စွမ်းမရှိ၊ အမြင်ပိတ်နေတတ်သည်။ စာဖတ်သူသည်အမြင်မှန်၊ အသိမှန်၊ အတွေးမှန်၊ အလုပ်မှန်ပြီး မှန်ကန်သော လမ်းကြောင်း၌သာ လျှောက်လှမ်းလေ့ရှိသည်။ စာအုပ်စာပေဟုဆိုရာတွင် စာဖတ်သက်ကြာလာသည်နှင့်အမျှ စာအုပ်ကောင်း၊ စာအုပ်မှန်များကို ရွေးချယ်တတ်လာခြင်းဖြစ်သဖြင့် စာစဖတ်ရာတွင် နှစ်သက်ရာစာပေကို ဖတ်ရှုခြင်းဖြင့် စာဖတ်ခြင်းအလေ့အထကို ဦးစွာထူထောင်သင့်သည်။ ထိုမှတစ်ဆင့် အကျိုးရှိရာစာအုပ်စာပေကို ရွေးချယ်ဖတ်ရှုခြင်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ မည်သည့်စာအုပ်ကိုဖတ်ရှုသည်ဖြစ်စေ ထိုစာပေမှရရှိသော အသိတရားကို ကောင်း၊ မကောင်း၊ မှန်၊ မမှန်၊ အသုံးချသင့်၊ မချသင့်၊ ဆောင်ရန်ရှောင်ရန် မိမိဉာဏ်စွမ်းဖြင့်သာ ပိုင်းခြားစိတ်ဖြာရန်လိုအပ်သည်။

စာဖတ်ခြင်းကား ပြည့်ဝစေသည်။ ဆွေးနွေးခြင်းကား ဖျတ်လတ်တက်ကြွစေသည်။ ရေးသားခြင်းကား တိကျစေသည်။ စာဖတ်ခြင်းသည် တိုးတက်ကြီးပွားခြင်း၏လှေကားထစ်များဖြစ်ပေရာ တိုးတက်လိုကစာဖတ်ကြဟု တိုက်တွန်းထားသည်ကိုလည်း လေ့လာတွေ့ရှိနိုင်သည်။ စာအုပ်ကောင်းတစ်အုပ်ကို ဖတ်မိ၍ အသိတရားရရှိကာ ပြုပြင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် အောင်မြင်ကျော်ကြားသွားသော ကမ္ဘာကျော်ပုဂ္ဂိုလ်များစွာရှိသည်။ စာဖတ်ရာတွင်လည်း အတိုက်အခံပြုရန်အတွက် စာမဖတ်ပါနှင့်၊ ယုံကြည်ရန်နှင့်တစ်ခါတည်းစွဲသွားရန် စာမဖတ်ပါနှင့်၊ စကားစရပြီး အာဝဇ္ဇန်းရွှင်ရန် စာမဖတ်ပါနှင့်၊ သို့သော် နှိုင်းချိန်၍ စဉ်းစားရန်အတွက် စာဖတ်ပါဟုတိုက်တွန်းထားသည်ကိုလည်း လေ့လာသိရှိခဲ့ရဖူးသည်။

စာပေကို မိတ်ဆွေဖွဲ့ခြင်းဖြင့် အမျိုးမျိုးသော ဘဝအတွေ့အကြုံများစွာကို လက်ငင်းရယူနိုင်သည်။ ရသစာပေက ကိုယ်ချင်းစာတရား၊ လိမ္မာယဉ်ကျေးခြင်းနှင့် ကောင်းမြတ်သောစိတ်ထားတို့ကို ဖြစ်ထွန်းစေသည်။ သုတစာပေများက မိမိကိုယ်မိမိယုံကြည်ပြီး ကိုယ်တိုင်ထိန်းချုပ်ဦးဆောင်နိုင်သည်။ အသိဉာဏ်ကျယ်ပြန့်ရန် စာများများဖတ်ခြင်းဖြင့် ဗဟုသုတများလာသည်။ ဗဟုသုတများလာလေ အသိဉာဏ်ပိုမိုကျယ်ပြန့်လာလေဖြစ်သည်။ အသိဉာဏ်ရှိသူသည် ဆင်ခြင်တုံတရားပြည့်ဝပြီး အကောင်းအဆိုး၊ အကျိုးအပြစ်ခွဲခြားသိမြင်ကာ လူ့လောကကို အလင်းဆောင်နိုင်သည်အထိ အရည်အသွေးပြည့်ဝတတ်သည်။ အသိဉာဏ်ရှိသူသည် တိုးတက်၍ အသိဉာဏ်နည်းသူသည်နိမ့်ကျသူဖြစ်သည်။ ထို့ကြောင့် စာပေသည် တိုးတက်ခြင်း၊ အောင်မြင်ခြင်း၊ ပေါ်လွင်ထင်ရှားခြင်းတို့ကို ရယူပိုင်ဆိုင်နိုင်အောင် အကျိုးပြုစွမ်းဆောင်နိုင်သည်။ စာပေဆိုသည်မှာ မဖတ်သင့်သောစာပေဟူ၍ မရှိ၊ မမှတ်သင့်သည့်စာပေသာရှိသည်။ စာအုပ်စာပေများကို ဖတ်ခြင်းသာမက မှတ်ခြင်းကိုပါပြုသင့်သည်။ မှတ်သားထားပါက တစ်ချိန်၌လိုအပ်လာသောအခါ ထုတ်နုတ်အသုံးပြုနိုင်စွမ်းရှိသဖြင့် အကျိုးများလှသည်။ စာဖတ်ဝါသနာပါသူ စာဖတ်သမားကောင်းတစ်ဦးဖြစ်စေရန် လူတိုင်းအားထုတ်သင့်သည်။ စာပေဖတ်ရှုလေ့လာခြင်းဟူသည် စာအုပ်ကိုလေ့လာခြင်းအားဖြင့် နားလည်မှုစွမ်းရည်ကို အဆင့်ဆင့်မြင့်မားစေသည့် စိတ်ဖွံ့ဖြိုးမှုဖြစ်စဉ်တစ်ရပ်ပင်ဖြစ်သည်။ များစွာသောသူတို့သည် စာဖတ်ကြသော်လည်း အကျိုးရှိအောင်မဖတ်တတ်ခြင်းများကို တွေ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာ စာဖတ်ခြင်း၏တန်ဖိုးကိုမသိ၍လည်းကောင်း၊ ပေါ့ပေါ့တန်တန်စိတ်သဘောနှင့်အသိဉာဏ်ဖွံ့ဖြိုးမှုကို အလေးမထားခြင်းကြောင့်လည်းကောင်း၊ အဆိပ်အတောက်စာပေကိုသာ ဖတ်မိခြင်းကြောင့်လည်းကောင်း အကျိုးမဲ့ဖြစ်ကြရသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်ကစာအုပ်စာပေဖတ်ရှုလေ့လာသူပေါ်များခဲ့သည်။ ရပ်ရွာအတွင်း စာအုပ်အငှားဆိုင်များ ပေါ်များစွာတည်ရှိခဲ့သည်။ စာအုပ်များအရောင်းရတွင်ကျယ်ကာ အငှားရဆုံးဖြစ်ခဲ့သည်။ ယနေ့ကာလတွင် သိပ္ပံနှင့်နည်းပညာများ တိုးတက်လာသည်နှင့်အမျှ စာအုပ်စာပေဖတ်ရှုလေ့လာသူ နည်းပါးလာကြောင်းတွေ့ရပြီး စာအုပ်အငှားဆိုင်များသည်လည်း ပျောက်ကွယ်သွားပြီဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်အစိုးရအဆက်ဆက်က ပြည်သူများစာအုပ်စာပေနှင့် မိတ်ဆွေဖွဲ့နိုင်ရေး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသလို စာပေချစ်မြတ်နိုးသူ အသင်းအဖွဲ့၊ အဖွဲ့အစည်းများကလည်း စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

ပြည်သူများအတွက် မိတ်ဆွေကောင်းဖြစ်သော စာအုပ်စာပေတို့ကို ပြင်ပမှဝယ်ယူဖတ်ရှုနိုင်သကဲ့သို့ စာပေဘဏ်တိုက်ဟုခေါ်ဆိုအပ်သော စာကြည့်တိုက်များတွင်လည်း ငှားရမ်းဖတ်ရှုနိုင်သည်။ စာကြည့်တိုက်အမျိုးမျိုးရှိသည်။ အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ တက္ကသိုလ်စာကြည့်တိုက်၊ ကျောင်းစာကြည့်တိုက်၊ ရပ်ရွာစာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ ရွေ့လျားစာကြည့်တိုက်ဟူ၍ အမျိုးမျိုးရှိရာ လက်လှမ်းမီရာ စာကြည့်တိုက်များကို အကျိုးရှိစွာ အသုံးချတတ်ရေး များစွာလိုအပ်သည်။

**၂၀၂၄ ခုနှစ် မေလ ၉ ရက်နေ့တွင် ကျင်းပသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားတွင် “မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို မဖြစ်မနေအားပေးမြှင့်တင်ရန်လိုအပ်သောကြောင့် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ အစပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် “စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု”များကို ဆောင်ရွက်ရန်ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောကြားခဲ့သည်။**




အချုပ်အားဖြင့်ဆိုရသော် စာအုပ်စာပေများသည် လူသားတို့၏ ကောင်းကျိုးစီးပွားဖြစ်ထွန်းအောင် အမြဲတစေ မိတ်ဆွေကောင်းသဖွယ် ဖြည့်ဆည်းပေးလျက်ရှိရာ မိတ်ဆွေကောင်းဖြစ်သော စာအုပ်စာပေနှင့် ပေါင်းဖော်တတ်ရေး အလေးထားကြိုးစားကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

နေပြည်တော် မေ ၉

# ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်းဝိစစ်စတန်အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာမုံခွန်းဝိစစ်စတန်အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲကာလရှည် ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ခိုင်မာစေရေး ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ပညာရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍများအပါအဝင် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် အပြန်အလှန်နားလည်မှု၊ ထောက်ခံမှုတို့ဖြင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၉

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ လက်ခံတွေ့ဆုံ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေးနှင့် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နေပြည်တော် မေ ၉

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲရောင်းချနိုင်ခဲ့

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် ၁၉၀၁ မှ ၂၇၅၀ အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြည်တွင်းရတနာကုန်သည်များကိုသာ ရောင်းချပေးမည့် အုပ်စု (C)မှ ကျောက်စိမ်းအတွဲအမှတ် ၂၇၅၁ မှ ၃၇၅၀ အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ပြပွဲ အဋ္ဌမနေ့တွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲ နဝမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေလ ၃ ရက် မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲ၊ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ၊ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲနှင့် သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲကို ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



နေပြည်တော် မေ ၉

# မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးအား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားကဏ္ဍအပါအဝင် နှစ်နိုင်ငံ အကျိုးတူကဏ္ဍများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

နေပြည်တော် မေ ၉

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာစစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှနေရာကျဲကျဲမိုးထစ်ချုန်းရွာနိုင်သည်။

**(မိုး/ဇလ)**

ရန်ကုန် မေ ၉

# ရန်ကုန်တိုင်းဒေသကြီး နွေရာသီအဆင့်မြင့်အားကစားသင်တန်းများသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ သွားရောက်ကြည့်ရှုအားပေး

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် တောင်ဥက္ကလာပဒေသာအားကစားကွင်းသို့ ရောက်ရှိလာ၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် မိမိဝါသနာပါရာအားကစားကို လေ့လာလိုက်စားရာမှစ၍ နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်လက်ရွေးစင်များ ထွက်ပေါ်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး၌ ဖွင့်လှစ်လျက်ရှိသော အာကီဒို၊ တိုက်ကွမ်ဒို၊ ပြေးခုန်ပစ်၊ ဘောလုံး၊ အလေးမ၊ လက်ဝှေ့၊ စားပွဲတင်တင်းနစ်၊ ကရာတေး၊ ဂျူဒို၊ အေရိုးဗစ် စသည့်အဆင့်မြင့်နွေရာသီ အားကစားသင်တန်းများ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားပြီး သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြများ၏တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ အားကစားကွင်း/ အားကစားရုံ သန့်ရှင်းသာယာလှပရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရန်ကုန်တိုင်းဒေသကြီး နွေရာသီအဆင့်မြင့် အားကစားသင်တန်းသို့တက်ရောက်နေသည့် အားကစားနည်းအလိုက် သင်တန်းသား၊ သင်တန်းသူများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၀၄၀၀၀၀ ကို ပံ့ပိုးပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံဝင်းအတွင်းရှိ ပြည်ထောင်စုခန်းမသို့ ရောက်ရှိပြီး အားကစားနှင့် ကာယပညာဦးစီးဌာန (ရန်ကုန်) ဝန်ထမ်းများတွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) စားရိပ်သာတွင် ဝန်ထမ်းများနှင့်အတူ နေ့လယ်စာသုံးဆောင်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှကြီးမှူး၍ ပညာရေးတက္ကသိုလ်၌ ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး စာရေးဆရာ ဦးကျော်ကျော်လှိုင်က လူငယ်ဘဝတိုးတက်မြင့်တင်ရေးခေါင်းစဉ်ဖြင့် ဟောပြောသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ အနောက်ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်တို့ထံသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တက္ကသိုလ်တစ်ခုလျှင် ငွေကျပ် ၂၅၁၀၀၀၀ နှုန်းဖြင့် တက္ကသိုလ် ၆ ခုအတွက် ငွေကျပ် ၁၅၀၆၀၀၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာတက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များက လက်ခံရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဒုတိယဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး ဦးငွေအောင်က စာရေးဆရာ ဦးကျော်ကျော်လှိုင်ကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် ခင်းကျင်းပြသထားသောပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဉာဏ်စမ်းပဟေဠိပွဲတွင် အဖြေမှန်သည့် ကျောင်းသား၊ ကျောင်းသူများကို ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

ချောင်းဆုံ မေ ၉

# ချောင်းဆုံမြို့နယ်တွင် လာရောက်နေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာသူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဓမ္မသတ်ကျေးရွာမှ လာရောက်နေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ် ဦးစီးမှူးရုံးနှင့် ကျိုက်မရောမြို့နယ်ဦးစီးမှူးရုံးတို့ ပူးပေါင်းကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့ညနေ ၃ နာရီတွင် မုဒ္ဒန်းကျေးရွာ နတ်ရေတွင်းဘုန်းတော်ကြီးကျောင်းနှင့်တောင်စွန်းကျေးရွာ သဒ္ဓမ္မဓဇဘုန်းတော်ကြီးကျောင်းတို့၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ဓမ္မသတ်ကျေးရွာမှ ယာယီနေရပ်စွန့်ခွာသူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျက်စီး၊ ပျောက်ဆုံး၊ အသစ်၊ လဲလှယ်လိုသူများအနက် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၂ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်း တစ်စောင် ကွင်းဆင်းဆောင်ရွက်ပေးကြသည်။


အလားတူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကျိုက်မရောမြို့နယ် ဓမ္မသကျေးရွာမှ မော်လမြိုင်မြို့သို့ ယာယီနေရပ်စွန့်ခွာ၍ ဘုန်းတော်ကြီးကျောင်းအသီးသီးတွင် ရောက်ရှိတည်းခိုနေထိုင်ကြသူများအား အဆိုပါဘုန်းတော်ကြီးကျောင်းများသို့သွားရောက်၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ခရိုင် ဦးစီးမှူး ဦးသန်းအေး၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျိုက်မရောမြို့နယ် ဦးစီးမှူး ဦးသန့်ဇင်နှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီးသူ ၁၂ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ နှစ်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ပျက်စီး၊ မိတ္တူ ၁၅ ဦး စုစုပေါင်း ၂၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးပြီး အိမ်ထောင်စုရှစ်စုတို့အား အိမ်ထောင်စုလူဦးရေစာရင်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)၊**
**ချို့မြတ်မြတ်ထွေး(ပြန်/ဆက်)**

---

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဟသ်ာတ | (၁. ၃၀)လက်မ |
| သရက် | (၀. ၇၉)လက်မ |
| အောင်လံ | (၀. ၆၃)လက်မ |
| ဟားခါး | (၀. ၅၅)လက်မ |
| တီးတိန် | (၀. ၅၁)လက်မ |
| ရမည်းသင်း | (၀. ၂၄)လက်မ |
| ဖြူး | (၀. ၁၆)လက်မ |
| ဖလမ်း | (၀. ၁၂)လက်မ |
| နေပြည်တော်(ဥတ္တရသီရိ) | (၀. ၁၂)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| အောင်လံ | ၄၂. ၂ ˚C |
| ပြည် | ၄၂. ၀ ˚C |
| တောင်တွင်းကြီး | ၄၁. ၅ ˚C |
| ချောက် | ၄၁. ၄ ˚C |
| မြဝတီ | ၄၁. ၄ ˚C |
| လေးထပ်မြင် | ၄၁. ၃ ˚C |
| သာယာဝတီ | ၄၁. ၂ ˚C |
| ဟသ်ာတ | ၄၁. ၂ ˚C |
| ညောင်လေးပင် | ၄၁. ၀ ˚C |
| ခရမ်း | ၄၀. ၉ ˚C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၀ | ၃၅ |
| ရှမ်း(မြောက်) | ၂၀ | ၃၅ |
| ရှမ်း(အရှေ့) | ၁၉ | ၃၄ |
| ရှမ်း(တောင်) | ၁၇ | ၃၂ |
| ချင်း | ၁၂ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၇ | ၃၅ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၉ |
| နေပြည်တော် | ၂၄ | ၃၈ |
| မန္တလေး | ၂၈ | ၄၀ |
| မကွေး | ၂၆ | ၄၀ |
| ရခိုင် | ၂၄ | ၃၅ |
| ပဲခူး | ၂၄ | ၄၀ |
| ရန်ကုန် | ၂၄ | ၄၀ |
| ဧရာဝတီ | ၂၄ | ၄၀ |
| ကယား | ၂၀ | ၃၄ |
| ကရင် | ၂၇ | ၄၀ |
| မွန် | ၂၅ | ၃၈ |
| တနင်္သာရီ | ၂၄ | ၃၈ |

# ပန်ကာလေအန္တရာယ်အကြောင်းနှင့် ဘေးကင်းစေမည့်ပန်ကာအသုံးပြုနည်း

မြန်မာနိုင်ငံ၌ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးမျိုးရှိသည့်အနက် နွေရာသီတွင် အပူချိန် ပိုမြင့်မားသော်လည်း ၂၀ ရာစုနောက်ပိုင်းမှစ၍ မည်သည့်ရာသီဥတုတွင်မဆို အပူချိန် သိသိသာသာမြင့်တက်လာလျက်ရှိသည်။

ယနေ့ခေတ်တွင် နည်းပညာများ ခေတ်မီတိုးတက်လာခြင်းနှင့်အတူ လူသားတို့၏ အသုံးအဆောင်ပစ္စည်းများမှာလည်း များပြားလာရာ အပူဒဏ်သက်သာစေရန် ယပ်တောင်၊ ပန်ကာ၊ Air Cooler၊ Aircon စသည်ဖြင့် ပြောင်းလဲသုံးစွဲလာကြသည်။ လေအေးပေးစက်များကို လူတန်းစေ့ အသုံးမပြုနိုင်သေးသော်လည်း ပန်ကာကို တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။

သို့သော် ပန်ကာလေခံခြင်းဖြင့်ရရှိမည့်ဆိုးကျိုးများကို သတိမမူမိကြပေ။ ထို့ကြောင့် ပန်ကာလေအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ဘေးကင်းစေမည့် ပန်ကာသုံးစွဲနည်းတို့ကို ဗဟုသုတရရှိစေရန် ဖော်ပြလိုက်ပါသည်။

ပန်ကာလေ၏သဘောမှာ လေကို တိုက်ရိုက်မှုတ်ထုတ်ပေးသည်။ ယင်းပန်ကာလေက လူ့ခန္ဓာကိုယ်မှထွက်သော အခိုးကိုငုပ်စေပြီး အရေပြားပေါ်ရှိ မွေးညင်းပေါက်များကို ပိတ်သွားစေသည်။ တစ်နည်းဆိုရသော် ပန်ကာလေက လူသားတို့၏ ချွေးထွက်မည့် မွေးညင်းပေါက်များကို ကျုံ့စေသောသတ္တိရှိ၍ ဆိုးကျိုးဖြစ်စေနိုင်သည်။ ထို့ပြင် ဇီဝဖြစ်စဉ်အရ လူ့ခန္ဓာကိုယ်အတွက် လိုအပ်သောအပူချိန်ကို ဦးခေါင်းကရယူပေးသည်။ ထိုအချိန်မျိုးတွင် ပန်ကာလေကြောင့် ဦးခေါင်းမှ တဖြည်းဖြည်း အပူချိန်လျော့ကျလာသည်။ အိပ်မပျော်သေးမီ ခန္ဓာကိုယ်က သဘာဝအလျောက် အပူထုတ်ပေးနေသဖြင့် ပြဿနာမရှိသော်လည်း အိပ်ပျော်သွားသည့်အခါ ခန္ဓာကိုယ်က မဆိုသလောက်သာ အပူထုတ်ပေးလေ့ရှိသည်။ ထိုအခါ ပန်ကာလေကြောင့် ဦးခေါင်းတွင် အတိုင်းအဆမရှိ အေးလာပြီးနောက် ဦးခေါင်းအရေပြားကျုံ့လာသည်။ ခန္ဓာကိုယ်အတွင်းပိုင်းကမူ အခန်းအပူချိန်အတိုင်း ဆက်လက်ရှိနေသည်။ ထိုဖြစ်စဉ်က ဦးခေါင်းကို စီးဆင်းနေသော သွေးများကို အလွန်အမင်းညှစ်သလိုဖြစ်သွားကာ ပန်ကာလေကြောင့် ခေါင်းအုံခြင်းဖြစ်တတ်သည်။ အဆိုးရွားဆုံးအခြေအနေတွင် ဦးခေါင်းထဲ သွေးမလျှောက်ခြင်း သို့မဟုတ် သွေးကြောပြတ်ခြင်းတို့ ဖြစ်စေနိုင်သည်။

> “ ပန်ကာလေကို တစ်ညလုံးခံပြီးနောက် နံနက်အိပ်ရာထသည့်အခါ လည်ချောင်းနာ၍ အသားများမလှုပ်ချင်လောက်အောင် နာလာတတ်သည်။ ပန်ကာလေကို အချိန်ကြာမြင့်စွာ တိုက်ရိုက်ထိတွေ့ခြင်းကြောင့် ရရှိနိုင်သော တခြားကျန်းမာရေးဆိုးကျိုးများမှာ အသားအရေခြောက်ခြင်း၊ လက်ကပ်ခြင်း သို့မဟုတ် လက်အကွေးအဆန့်လေးလံခြင်း၊ နာစေးခြင်း၊ ကျောအောင့်ခြင်း၊ အဆုတ်အအေးမိခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခြေထောက်လေးခြင်း၊ ခြေဖနောင့်နာခြင်း၊ ပါးရွဲ့ခြင်း သို့မဟုတ် လေဖြတ်ခြင်း၊ ဦးနောက်သွေးကြောပြတ်ခြင်း စသည်ဖြင့် ခံစားရတတ်သည်. . . ”


ပန်ကာလေကို တစ်ညလုံးခံပြီးနောက် နံနက်အိပ်ရာထသည့်အခါ လည်ချောင်းနာ၍ အသားများမလှုပ်ချင်လောက်အောင် နာလာတတ်သည်။ ပန်ကာလေကို အချိန်ကြာမြင့်စွာ တိုက်ရိုက်ထိတွေ့ခြင်းကြောင့် ရရှိနိုင်သောတခြားကျန်းမာရေးဆိုးကျိုးများမှာ အသားအရေခြောက်ခြင်း၊ လက်ကပ်ခြင်း သို့မဟုတ် လက်အကွေးအဆန့်လေးလံခြင်း၊ နှာစေးခြင်း၊ ကျောအောင့်ခြင်း၊ အဆုတ်အအေးမိခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခြေထောက်လေးခြင်း၊ ခြေဖနောင့်နာခြင်း၊ ပါးရွဲ့ခြင်း သို့မဟုတ် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်း စသည်ဖြင့်ခံစားရတတ်သည်။ နေ့လယ်ပိုင်းတွင် မျက်နှာကြက်ပန်ကာအောက်တွင်ထိုင်၍ အလုပ်လုပ်လေ့ရှိသူများမှာ ဆံပင်ကျွတ်ပြီး ထိပ်ပြောင်လွယ်တတ်သည်။ ရေချိုးပြီးပြီးချင်း ပန်ကာလေခံလေ့ရှိသော အမျိုးသမီးများတွင် အပူငုပ်ကာ အဖြူဆင်းခြင်းဖြစ်ပေါ်စေသည်။

တချို့သူများသည် အကျီချွတ်၍ ပန်ကာလေဖြင့် အိပ်စက်ခြင်း၊ ရေစိုအဝတ်ခင်း၍ ပန်ကာလေဖြင့်အအေးခံခြင်း၊ သင်ဖြူးဖျာကိုရေစွတ်၍ ပန်ကာလေခံ အိပ်စက်ခြင်း၊ အရက်သောက်ပြီးနောက် ချွေးအလွန်ထွက်သောအချိန်တွင် ပန်ကာလေဖြင့် အိပ်စက်ခြင်း၊ အပြင်မှ ပြန်လာသည့်အချိန်၌ဖြစ်စေ၊ အားကစားပြုလုပ်ပြီး ချွေးမတိတ်သေးသည့်အချိန်၌ဖြစ်စေ ပန်ကာဖွင့်၍ ကြမ်းပြင်ပေါ် အိပ်စက်ခြင်း စသည်ဖြင့် ပန်ကာကို အလွန်အကျွံလွဲမှားစွာ အသုံးပြုကြသည့်အတွက် အန္တရာယ်ဖြစ်စေနိုင်သည်။

မည်သို့ပင်ဆိုစေကာမူ ပူအိုက်စွတ်စိုသောမိုးရာသီနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ပန်ကာအသုံးပြုမှုများလာခြင်းကြောင့် အီလက်ထရွန်နစ်ဈေးကွက်၌ ပန်ကာများ ရောင်းအားကောင်းမွန်လျက်ရှိသည်။ လူတချို့က ကျန်းမာရေးအသိအမြင်ရှိသော်လည်း ချွေးမပြန်အောင် ပန်ကာဖွင့်အိပ်တတ်ကြရာ ဘေးကင်းစေရန် ပန်ကာအသုံးပြုနည်းတချို့ကို အောက်ပါအတိုင်း အကြံပြုလိုပါသည်။

- ပန်ကာကို အိပ်ရာဘေးတွင် ကပ်ဖွင့်ပြီးမအိပ်ပါနှင့်။ ပန်ကာကို ဦးခေါင်းပိုင်းတွင်ထား၍ မဖွင့်ပါနှင့်။ ပန်ကာလေနှင့် တိုက်ရိုက်မထိအောင်နေပါ။
- မိမိအိပ်စက်သောနေရာ၏ အပေါ်ဘက် ဝေးဝေးတွင်ထား၍ ဖွင့်သင့်သည်။
- ပန်ကာကို တစ်နေရာတည်းသို့ မျက်နှာမူ၍ မဖွင့်ပါနှင့်။ Rotate (ခေါ်) ဘယ်ညာပတ်ဝန်းကျင်သို့ ပတ်ချာလည်နေသော ခလုတ်ကိုနှိပ်ထားသင့်သည်။
- မည်မျှပင်ပူအိုက်စေကာမူ ညအိပ်ခါနီးတွင် ပန်ကာခလုတ်ကို နံပါတ် (၁) သို့မဟုတ် အနိမ့်ဆုံးကိုသာရွေးပါ။
- နံနက်မိုးလင်းခါနီးတွင် အပူလျော့လေ့ရှိသည်။ ထို့ကြောင့် ပန်ကာကို timer ပေး၍အိပ်ပါ သို့မဟုတ် တစ်ရေးနိုးချိန်တွင် ပန်ကာကိုပိတ်ထားသင့်သည်။
- အသံထွက်သောပန်ကာကို မသုံးပါနှင့်။ လူ့ခန္ဓာကိုယ်က အိပ်စက်နေသော်လည်း တစ်ညလုံး ဆူညံသံထွက်နေသော ပန်ကာက နားစည်ကို တုန်ခါစေသည့်အပြင် နှစ်ခြိုက်စွာအိပ်စက်မှုကို အဟန့်အတားဖြစ်စေနိုင်သည်။
- ညအိပ်ချိန် ဟောက်တတ်သောသူများအတွက် ပန်ကာလေနှင့် လုံးဝမသင့်တော်ပေ။ ခံတွင်းနှင့်လေပြွန်ကို မြန်မြန်ခြောက်သွေ့စေပြီး မကြာခဏနိုးစေနိုင်သည်။
- ပန်ကာဖွင့်၍အိပ်လေ့ရှိသော ကလေးငယ်များ၏ကျန်းမာရေးသည် ၇၀ ရာခိုင်နှုန်းခန့် သိသိသာသာဆိုးရွားစေနိုင်ကြောင်း ကျန်းမာရေးသုတေသီများက သတိပေးထားသည်။
- ပန်ကာရွက်(ဒလက်)များတွင် ဖုန်မှုန့်များရှိပါက ဖြုတ်၍ ဆေးကြောပေးပါ။ သို့မဟုတ်ပါက နှာခေါင်းပေါက်နှင့်ဆက်သွယ်ထားသော ဦးခေါင်းခွံအတွင်း လေလမ်းကြောင်းကို ပိတ်စေနိုင်သည်။ ထို့ပြင် အဆုတ်ကို ထိခိုက်စေနိုင်သည်။
- မီးပလတ်ပေါက်နှင့် ဝိုင်ယာကြိုးတို့ကိုစစ်ဆေးပါ။ ပန်ကာကို အချိန်ကြာမြင့်စွာ ဖွင့်ထားခြင်းကလည်း မီးဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း ပန်ကာအသုံးပြုနည်း အသွယ်သွယ်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

**ပေါက်ပေါက်**



ရန်ကုန်၊ ပို့ဆောင်ရေး

# သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ Bus Terminal တစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မည်



ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ်ရှိ သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ YBS ခရီးသည်တင်ယာဉ်များရပ်နားနိုင်ရန် Bus Terminal တစ်ခုကို ယခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ သုခဒဂုံပြည်သူ့အငှားအိမ်ရာ၌ အခြေပြု၍ YBS ယာဉ်လိုင်းလေးလိုင်းမှ ခရီးသည်တင်ယာဉ်အစီးရေ ၈၀ ခန့် နေ့စဉ်ပြေးဆွဲလျက်ရှိရာ အဆိုပါယာဉ်လိုင်းများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြေနေရာအကျယ်အဝန်း ငါးဧကခန့်ရှိသော နေရာတစ်ခု စီစဉ်ပေးထားပြီး ယင်းမြေနေရာပေါ်၌ Bus Terminal တစ်ခုကို ယခုနှစ်အတွင်း ဆောက်လုပ်ရန်စီစဉ်နေခြင်းဖြစ်သည်။

“သုခဒဂုံ ပြည်သူ့အငှားအိမ်ရာနေပြည်သူတွေ သွားလာရေးအဆင်ပြေစေဖို့ လက်ရှိမှာ YBS ယာဉ်လိုင်းလေးလိုင်းက နေ ယာယီဂိတ်ထားပြီး ပြေးဆွဲနေပါပြီ။ အဲဒီ YBS ယာဉ်တွေအတွက် မြေငါးဧကမှာ ဘတ်စကားရပ်ဖို့နေရာတွေ၊ လိုအပ်တဲ့ဆိုင်တွေ စတာတွေကို ဆောက်လုပ်သွားပါမယ်။ အဲဒါကလည်း ဒီနှစ် ဇွန်လလောက်ဆိုရင် ပြီးမှာပါ” ဟု ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်ဇော်ကပြောသည်။

လက်ရှိ သုခဒဂုံပြည်သူ့အငှားအိမ်ရာကိုအခြေပြု၍ လာရောက်ပြေးဆွဲနေသော YBS ယာဉ်လိုင်းလေးလိုင်းတွင် အမှတ်(၇၁)၊ အမှတ်(၈၁)၊ အမှတ်(၉၇) နှင့် အမှတ်(၁၁၈) ယာဉ်လိုင်းတို့ပါဝင်ပြီး နေ့စဉ် စုစုပေါင်းယာဉ်အစီးရေ ၈၀ ခန့် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ထို့ပြင် သုခဒဂုံပြည်သူ့အငှားအိမ်ရာအနီး၌ အမှတ်(၁) YBS ယာဉ်လိုင်းနှင့် အမှတ်(၄၆) YBS ယာဉ်လိုင်းတို့မှလည်း နေ့စဉ်ယာဉ်အစီးရေ ၂၂ စီးခန့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ် YBS ယာဉ်လိုင်းပေါင်း ၁၃၀ ခန့်မှ YBS ခရီးသည်တင်ယာဉ်အစီးရေ ၃၆၀၀ ကျော် ပြေးဆွဲပေးလျက်ရှိပြီး တစ်ရက်လျှင် လိုက်ပါစီးနင်းသူခရီးသည်ဦးရေ ၁၄ သိန်းခန့်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

ရန်ကုန် မေ ၉

# နည်းပညာလွှဲပြောင်းခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ-တရုတ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ




အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEAN Secretariat)၊ မြန်မာနိုင်ငံသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အာဆီယံသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာကော်မတီ (ASEAN-COSTI) တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် "နည်းပညာလွှဲပြောင်းခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အာဆီယံ-တရုတ်အလုပ်ရုံဆွေးနွေးပွဲ (ASEAN-China Workshop on Building Up Human Capital in Technology Transfer and Commercialization)ကိုမေလ ၉ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ Lotte ဟိုတယ်တွင် မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် ကျင်းပလျက်ရှိသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (ASEAN China Cooperation Fund-ACCF) ဖြင့် တက္ကသိုလ်များနှင့် သုတေသနဌာနများ၏ သုတေသနရလဒ်များအား ဓာတ်ခွဲခန်းအဆင့်မှ ဈေးကွက်တွင် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအား နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ပေးရန်နှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့်ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr. ကျန်းကျိဟွန်းနှင့် အာဆီယံသိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်မှုကော်မတီဥက္ကဋ္ဌ Dr. Hul Seingheng တို့က အဖွင့်မိန့်ခွန်းပြောကြား၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် Mr. Satvinder Singh က Video Clip ဖြင့် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှကျွမ်းကျင်ပညာရှင်များ၊ မြန်မာနိုင်ငံတက္ကသိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနနှင့် ဦးစီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲ၌ သုတေသနအဖွဲ့အစည်းများ၊ MSMEs လုပ်ငန်းရှင်များနှင့် တက္ကသိုလ်များအကြား နည်းပညာလွှဲပြောင်းရာတွင် တွေ့ကြုံရသောအခက်အခဲများနှင့် ကျော်လွှားဖြေရှင်းနိုင်ရေးအမြင်များဖလှယ်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်းနှင့် နည်းပညာဈေးကွက်မြှင့်တင်နိုင်ခြင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတွင် တရုတ်နှင့်အာဆီယံနိုင်ငံများအကြား စွန့်ဦးတီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေမည့် နည်းလမ်းများ၊ စွန့်ဦးတီထွင်စီးပွားဂေဟစနစ်ဝန်းကျင်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု ကွန်ရက်နှင့် အွန်လိုင်း-အပြန်အလှန်သင်ကြားသင်ယူမှုကိုအသုံးပြု၍ သုတေသနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့် တက္ကသိုလ်များသို့ နည်းပညာလွှဲပြောင်းခြင်းနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်နိုင်မည့် နည်းလမ်းများအပေါ် တရုတ်နှင့် အာဆီယံနိုင်ငံကိုယ်စားလှယ်များက အုပ်စုအဖွဲ့လိုက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များ၏ ရလဒ်များကို ရှေ့လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## စာပေဒါန မြတ်ပေစွ

* စာအုပ် စာပေ ဟူသည်မှာ
ပညာရင်းမြစ်ပါ။
ဖတ်ရှုလေ့လာ ခွန်အားရှိ
ဘဝတိုးတက်၏။

* ပညာတတ်သိ ပြည့်စုံလျှင်
ကောင်းကျိုးကိုခံမင်။
ပတ်ဝန်းကျင်ကို အကျိုးပြု
စာပေဖတ်ကာရှု။

* ကောင်းမှု ဆိုးမှု ထိုနှစ်ထွေ
ဆင်ခြင်နိုင်ကြစေ။
စာအုပ်စာပေ ဖတ်ပါမှ
လူတိုင်း ကောင်းကျိုးရ။

* ပညာပြည့်ဝစေရန်ရွယ်
စာဖတ်ကြစေဖွယ်။
အသိဉာဏ်ကြွယ် အားအင်ပေး
စာပေချစ်စိတ်မွေး။

* အနာဂတ်ရေး တွေးမြော်ကာ
စာဖတ်ရန်နေရာ။
စာအုပ်စာပေ လှူဒါန်းမှ
စာကြည့်တိုက်တွေ ရှင်သန်ရ
မြတ်သော အလှူဒါန။ ။

**မောင်လေပြေ(တောင်တွင်း)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော် မေ ၉

# မြန်မာနိုင်ငံ၏ အာမခံဈေးကွက်အနေဖြင့် ပုံမှန်လည်ပတ်ဆောင်ရွက် လျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ်အောင်မြင်တိုးတက်လာသည်ကိုတွေ့ရ



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ၏ အာမခံဈေးကွက်အနေဖြင့် ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိပြီး တစ်နှစ်ထက်တစ်နှစ် အောင်မြင်တိုးတက်လာသည်ကို တွေ့ရကြောင်း၊ အာမခံအမျိုးအစားသစ်များတိုးချဲ့ထုတ်လုပ်နိုင်သကဲ့သို့ ပရီမီယံကြေးများ သင့်တင့်မျှတခြင်း၊ လျော်ကြေး ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်ခြင်းတို့ကို တွေ့ရကြောင်း၊ နိုင်ငံတော်၏စီးပွားရေး မြှင့်တင်ရာတွင် လိုအပ်သည့်အရင်းအနှီးလိုအပ်ချက်အတွက် အာမခံကဏ္ဍမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းဆွေးနွေးသည်။

ထို့နောက် အတွင်းရေးမှူးက (၃၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ယခုအစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှဆွေးနွေးဆုံးဖြတ်ရမည့် အသက်အာမခံအမျိုးအစားသစ်များ လျှောက်ထားလာခြင်းကိစ္စ၊ နိုင်ငံခြားအာမခံကိုယ်စားလှယ်ရုံးပိတ်သိမ်းခွင့်ပြုရန်ကိစ္စ၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ်လိုင်စင် လျှောက်ထားခြင်းကိစ္စ၊ အာမခံကိုယ်စားလှယ်တစ်ဦးမှ ပရီမီယံကြေးရငွေအလွဲသုံးစားပြုခြင်းကိစ္စ၊ အာမခံကိုယ်စားလှယ်လုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခွင့်ပြုရန်ကိစ္စ၊ ဌာနတွင်း အာမခံကိုယ်စားလှယ်သင်တန်းကျောင်းခွဲ ဖွင့်လှစ်ခွင့်ပြုရန် ကိစ္စများကိုတင်ပြရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။

အစည်းအဝေးတွင် အာမခံကုမ္ပဏီမှ မတည်ရင်းနှီးငွေ ထုတ်ယူသုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြလာခြင်းကို ခွင့်ပြုရန်ကိစ္စ၊ အာမခံကုမ္ပဏီမှ အစိုးရငွေတိုက်စာချုပ်ဝယ်ယူပြီးနောက် ကျန်ရှိနေသေးသော မတည်ရင်းနှီးငွေကို အသုံးပြုရန်ကိစ္စ၊ အာမခံကုမ္ပဏီမှ သကြံန် Campaign အစီအစဉ်ကိစ္စ၊ အာမခံကုမ္ပဏီရုံးခွဲသစ်ဖွင့်လှစ်ခွင့်ပြုရန်ကိစ္စတို့ကို တင်ပြရာ အဖွဲ့ဝင်များက မှတ်တမ်းတင်အတည်ပြုပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်သုံးသပ်ဆွေးနွေးမှာကြားသည်။

မြန်မာနိုင်ငံ၏ အာမခံဈေးကွက်တွင် ရာနှုန်းပြည့်နိုင်ငံခြားသားပိုင်အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင်အသက်အာမခံကုမ္ပဏီ ကိုးခု၊ ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင်အထွေထွေအာမခံကုမ္ပဏီခြောက်ခုနှင့် မြန်မာ့အာမခံလုပ်ငန်း အပါအဝင် စုစုပေါင်းအာမခံကုမ္ပဏီ ၂၇ ခု၊ ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ်လိုင်စင်ရအဖွဲ့အစည်း ၂၃ ခုနှင့်ကော်ပိုရိတ်အထွေထွေအာမခံကိုယ်စားလှယ် လိုင်စင်ရအဖွဲ့အစည်း ၂၅ ခုနှင့် လျော်ကြေးညှိနှိုင်းတွက်ချက်သည့် ကုမ္ပဏီ လေးခုတို့မှ အာမခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ အသက်နှင့်အထွေထွေအာမခံအမျိုးအစား ၅၁ မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ပညာရေးဝန်ကြီးဌာန**

**၂၀၂၄-၂၀၂၅ ပညာသင်နှစ်**

**"အသိပေးကြေညာချက်"**

၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။

၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ရန်ကုန် မေ ၉

# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း) ဒုတိယဝန်ကြီး ဦးဝင်းရှိန် ကြည့်ရှုစစ်ဆေး

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ဂဟေဆက်မွမ်းမံသင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးအစီအစဉ်များကို လျာထားချက်နှင့်အညီ ဆောင်ရွက်နိုင်ရေးပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် သင်တန်းကျောင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် လက်ရှိဖွင့်လှစ်နေသော လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း၊ ဂဟေဆက်သင်တန်း၊ လေအေးပေးစက်သွယ်တန်းတပ်ဆင်ခြင်းသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့်ကြွေပြားကပ်သင်တန်း စသည့်သင်တန်း ငါးမျိုးနှင့် ဟိုတယ်နှင့် စားသောက်ဆိုင်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအပါအဝင် သင်တန်းအမျိုးအစား ခြောက်မျိုးအတွက် သင်တန်းသား ၅၀၀ ဖွင့်လှစ်ပို့ချနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်အား ၁၂ ကြိမ်ဖြင့် ဖြေဆိုသူလုပ်သား ၃၀၈ ဦးကို စစ်ဆေးပေးရန် လျာထားကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဒုတိယဝန်ကြီးက လူငယ်များအတွက် ကျွမ်းကျင်လုပ်သားများအဖြစ် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားနှင့်ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လူငယ်လူရွယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင်ယူမှုအခွင့်အလမ်းများ တိုးတက်ရရှိစေရန်နှင့်သင့်တော်ကောင်းမွန်သော အလုပ်အကိုင်များရရှိစေရန် တိုင်းဒေသကြီးအစိုးရနှင့်ပူးပေါင်းပြီး သင်တန်းများတိုးချဲ့ဖွင့်လှစ်သွားရန်၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာ လုပ်ငန်းတာဝန်များ အောင်မြင်စေရေး အလေးထားဆောင်ရွက်ရန်၊ နည်းပြဆရာများအနေဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်မှုအတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာကြရန်နှင့် သင်တန်းကျောင်းအဆင့်မြှင့်တင်ရေး၊ နည်းပြများအရည်အသွေးတိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်တို့ကို မှာကြားပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုးကြိုးဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မိုးကြိုးဘေးအန္တရာယ်သည် မိုးကြိုကာလ(ဧပြီလ၊ မေလ)နှင့် မိုးနှောင်းကာလ (အောက်တိုဘာလနှင့် နိုဝင်ဘာလ)များတွင် အဖြစ်များပြီး ကျန်ကာလများတွင်လည်း ရံဖန်ရံခါဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ မိုးကြိုးဘေးသည် ပစ္စည်းဥစ္စာဆုံးရှုံးမှုအလွန်နည်းပါးသော်လည်း လူနှင့်တိရစ္ဆာန်သေဆုံးမှု၊ ဒဏ်ရာရရှိမှုများပြားလှသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် မိုးကြိုးဘေးသည် ပိုမိုဖြစ်ပွားလာလျက်ရှိသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မိုးကြိုးဘေးကြောင့် သေဆုံးသူ ၇၃ ဦးနှင့် ဒဏ်ရာရသူ ၂၇ ဦး ရှိခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုးဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) နေအိမ်အဆောက်အအုံများတွင် မိုးကြိုးလွှဲတပ်ဆင်အသုံးပြုပါ။

(ခ) ပြတင်းပေါက်မှန်များအား အလင်းဝင်ရောက်မှုမှ ကာကွယ်ပါ။ (စက္ကူကပ်ခြင်း၊ လိုက်ကာတပ်ဆင်ခြင်း)

(ဂ) လျှပ်စစ်မီးဖြတ်သော ပင်မမိန်းခလုတ်များ တပ်ဆင်ပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပါအဝင် မိသားစုဝင်များအား မိုးကြိုးအန္တရာယ်နှင့် ဆောင်ရန်၊ ရှောင်ရန်သတိပေးချက်များ အသိပေးထားပါ။

၄။ မိမိတို့ဒေသအနီးတစ်ဝိုက်တွင် မိုးခြိမ်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်နေပါက မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိနိုင်ပါသည်။ လျှပ်စီးလက်မှုဖြစ်ပွားစဉ်တွင် အိမ်အတွင်း၌ ရှိနေလျှင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လျှပ်စီးလက်မှုဖြစ်ပွားစဉ်ရေသုံးစွဲခြင်း၊ ရေချိုးခြင်းမပြုလုပ်ပါနှင့်၊ သတ္တုနှင့်ဆက်စပ်ပစ္စည်းများတွင် လျှပ်စီးဝင်နိုင်သည်ကို သတိပြုပါ။

(ခ) သံနှင့်ပြုလုပ်ထားသော အရာဝတ္ထုများနှင့် ဝေးဝေးနေပါ။

(ဂ) တယ်လီဖုန်းများ အသုံးမပြုပါနှင့်။

(ဃ) အိမ်တွင်းလျှပ်စစ်အသုံးအဆောင်ပစ္စည်းများမှ မီးပလပ်များဖြုတ်ထားပါ။ မီးခလုတ်များ ပိတ်ထားပါ။

(င) ပြတင်းပေါက်နှင့် ဝေးရာတွင်နေပါ။

၅။ လျှပ်စီးလက်မှုဖြစ်ပွားစဉ် အိမ်အပြင်တွင်ရှိနေလျှင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) မိမိနေထိုင်သော နေရာအနီးတစ်ဝိုက်တွင် မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိပါက အိမ်အတွင်း (သို့မဟုတ်) အဆောက်အအုံအတွင်းသို့ဝင်ပါ။

(ခ) ကွင်းပြင် သို့မဟုတ် သစ်တောများထဲသို့ ရောက်ရှိနေပါက သစ်ပင်ငယ်များရှိနေသည့် အနိမ့်ပိုင်းသို့ဝင်ရောက်ပြီး အကာအကွယ်ယူပါ။

(ဂ) ဆံပင်များထောင်လာသည်ဟု ခံစားရပါက ဒူးပေါ်လက်ယှက်တင်၍ ပုဆစ်တုပ်ထိုင်ပါ။ ဝမ်းလျားမမှောက်ပါနှင့်။

(ဃ) စက်ဘီး/ဆိုင်ကယ်ပေါ်တွင် ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။

(င) ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။

(စ) သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုး၊ သံထည်ပစ္စည်း၊ သံလမ်းများအနီးတွင် မနေပါနှင့်။

(ဆ) ရေလွှမ်းနေသော လမ်းများပေါ်သို့ သွားလာခြင်း၊ ရပ်နေခြင်းမပြုပါနှင့်။

(ဇ) လွင်တီးခေါင်ကုန်းပြင်ရှိ သစ်ပင်၊ အဆောက်အအုံအနီးတွင် မနေပါနှင့်။

၆။ လျှပ်စီးလက်ခြင်းဖြစ်ပွားပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိုးကြိုးပစ်ပြီး နာရီဝက်ခန့်ကြာဘေးကင်းလုံခြုံမှသာ အပြင်ထွက်ပါ။

(ခ) မိုးကြိုးပစ်ခံရသော သစ်ပင်များမီးလောင်ခြင်းမှနေအိမ်များသို့ ကူးစက်နိုင်သဖြင့် သတိထားကြည့်ရှုနေထိုင်ပါ။

(ဂ) လျှပ်စစ်မီးကြိုးများ ပြတ်တောက်ခြင်းကို သတိထားရှောင်ရှားပါ။ တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ပါ။ ဘေးပတ်ဝန်းကျင်ကိုလည်း သတိပေးပါ။

(ဃ) မိုးကြိုးစက်ကွင်းထိထားသော လူနာများအား အမြန်ဆုံးဆေးအကူအညီ ရရှိရေးဆောင်ရွက်ပါ။

(င) ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့်မသန်စွမ်းသူများကို အထူးဂရုပြုကူညီပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

နေပြည်တော်  မေ  ၉

# PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၃၂ ဦး သေဆုံးကာ ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိခဲ့မှုနှင့် ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားကြေညာချက်များထုတ်ပြန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ဒေသခံပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေမှုများအပေါ် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံဧဝံဂေလိ ခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံအားကစားမီဒီယာအဖွဲ့ချုပ်၊ ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပိန္နဲကုန်းရခိုင် ဂျာမေဗလီနှင့် ဘူးသီးတောင်မောင်တော ဒေသဖွံ့ဖြိုးရေးအသင်းတို့မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများအသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေ ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး စုစုပေါင်း ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ PDF အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများနေထိုင်ရာ ကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်အပေါ် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**အလုပ်အမှုဆောင်အဖွဲ့**

မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance
MEMBER BODY OF: WEA

## မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ် အဖွဲ့ချုပ်သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေပြည်သူ ၃၂ ဦး သေဆုံးခဲ့ပြီး ပြည်သူ ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်ပေါ် မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

## ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ် အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်တွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ်ကြားသိရသည့်အတွက် ယခုကဲ့သို့ အကြမ်းဖက်သမားများ၏လုပ်ရပ်ပေါ် ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)မှ လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

MPC Myanmar Press Council
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသဘောထား ကြေညာချက် (၅/၂၀၂၄)

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အချို့က လူမဆန်စွာ လက်နက်ကြီး လက်နက်ငယ်များ အသုံးပြု၍ ပစ်ခတ်ဖျက်ဆီးခဲ့ခြင်းကြောင့် ကျေးရွာတွင်နေထိုင်လျက်ရှိသော ဒေသခံအပြစ်မဲ့ပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား (၅) ဦး အမျိုးသမီး (၉) ဦး စုစုပေါင်း ၁၄ ဦးမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ အေးချမ်းစွာ နေထိုင်လျက်ရှိသည့် အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှုကိုပြုလုပ်ခဲ့သည့် မည်သည့်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

MMPO

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၂၀၂၄ မေလ ၉ ရက်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆုံရွာကျေးရွာကို PDF အကြမ်းဖက်သမားများက ကျေးရွာနေပြည်သူ ၃၂ ဦး (အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး)ကို လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ထို့အပြင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်း(၁၄) ဦး ဒဏ်ရာရရှိသည်ဟုလည်း ထပ်မံသိရှိရပါသည်။

ယခုကဲ့သို့အပြစ်မဲ့ပြည်သူများ၏အသက်ကိုရက်ရက်စက်စက်လူစိတ်ကင်းမဲ့စွာသတ်ဖြတ်ခဲ့သည့် PDF အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာလိုက်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

စာမျက်နှာ ၁၂ သို့

☐ စာမျက်နှာ ၁၀ မှအဆက်

## မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်ချက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ မေလ ၉ ရက်နေ့ ယနေ့နံနက်ပိုင်းက အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ကြားသိရသဖြင့် များစွာ စိတ်မကောင်းဖြစ်ရပါသည်။

ယင်းသို့ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဗဟို)မှ ကန့်ကွက်ရှုတ်ချကြောင်းသဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
**(၉.၅.၂၀၂၄)**

## မြန်မာနိုင်ငံဂီတ အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေလ(၉)ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ (၃၂) ဦးသေဆုံးပြီး (၁၄)ဦး ဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံသဘင် အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့်အမျိုးသမီး ၉ ဦးတို့မှာလည်း ထိခိုက်ဒဏ်ရာများရရှိခဲ့သည်ဟု ဝမ်းနည်းဖွယ်သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အကျည်းတန်အရုပ်ဆိုးသော အကြမ်းဖက်လုပ်ရပ်အပေါ် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

အကြမ်းဖက်သမားများမှ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ယနေ့နံနက်ပိုင်းက ပစ်ခတ်ခဲ့သည့်အတွက် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၉ ဦးတို့မှာ ထိခိုက်ဒဏ်ရာများရရှိခဲ့သည့်အတွက် လွန်စွာဝမ်းနည်းမိပါသည်။

ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်အား မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးက လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး**

## မြန်မာနိုင်ငံအားကစားမီဒီယာများ အဖွဲ့ချုပ် သဘောထားထုတ်ပြန်ကြေညာချက်

Myanmar Sports Media Federation

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

PDF အကြမ်းဖက်သမားများ၏ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာရှိ အပြစ်မဲ့ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး ၊ အမျိုးသမီး ၉ ဦး ၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း ဝမ်းနည်းစိတ်မကောင်းဖွယ်ကြားသိရပါသည်။

ယခုကဲ့သို့ အေးချမ်းစွာ နေထိုင်လျက်ရှိသော အပြစ်မဲ့ပြည်သူများအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်မှ ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်**

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

ယနေ့ မေလ ၉ ရက်နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ဒေသခံပြည်သူ ၃၂ ဦးသေဆုံးခဲ့ပြီး ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ လူနေရပ်ကွက်အတွင်း လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုသည် မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ကျေးရွာနေပြည်သူ ၃၂ ဦး သေဆုံးခဲ့ကြောင်းနှင့် ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ ကျေးရွာအတွင်း လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်လုပ်ရပ်အပေါ် လွတ်မြောက်ခြင်း အသင်းတော်(ရန်ကုန်)က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်
ALL MYANMAR HINDU CENTRAL COUNCIL
No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.
Tel : 01-8245648 E-mail : amhcc201902@gmail.com

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

## မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ ၂၀၂၄ ခုနှစ်၊ မေ ၉ ရက်တွင် အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ပြည်သူ ၃၂ ဦး သေဆုံးကာ ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ပြင်းထန်စွာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေဆုံး/ဒဏ်ရာရရှိသည်အထိ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများအား မည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီးလ် ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)
அகில மியன்மார் தமிழ் இந்து மாமன்றம் (தலைமை நிலையம்)
ALL MYANMAR TAMIL HINDU FOUNDATION (H.Q.)
No. 111/113, 54th Street, 4th Quarter, Botahtaung Township, Yangon.
Tel. 01 296323, 01 298962, 01 299241

## မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူ ဖောင်ဒေးရှင်း(ဗဟို)သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

၁။ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာသူ၊ ကျေးရွာသား ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ အကြမ်းဖက်သမားများ၏ အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုး၍ အနိုင်ကျင့်ဗိုလ်ကျကာ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

စာမျက်နှာ ၁၃ သို့ ☐

☐ စာမျက်နှာ ၁၂ မှအဆက်

## သနင်္ဂဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ ၂၀၂၄ ခုနှစ်၊ မေ ၉ ရက် နံနက်ပိုင်းတွင် PDF အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ဒေသခံပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများက ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးခြင်းမရှိသည့် ရပ်ကွက်၊ ကျေးရွာများအား လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်နေမှုအပေါ် သနင်္ဂဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က လုံးဝ လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**သနင်္ဂဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး
အမှတ်(၁၈၄)၊ (၃)လွှာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၃၈၈၁၄၆၊ ၂၅၃၆၈၃၊ ၂၅၂၆၀၈၊ ၈၃၉၈၃၂၂၊ ၂၄၁၂၀၂၂၊ ၂၈၆၁၁၃၄

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေး အဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်

၁။ PDF အကြမ်းဖက်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေ ပြည်သူ ၃၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ထိုသို့ အကြမ်းဖက်သမားများက လက်နက်အားကိုး၍ ဒေသခံပြည်သူများအပေါ် အနိုင်ကျင့်ဗိုလ်ကျခြင်း၊ ခေါင်းစဉ်အမျိုးမျိုးတပ်၍ သတ်ဖြတ်ခြင်း၊ ကျေးရွာအတွင်း လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေသည့်အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ မေ ၉ ရက်

၁။ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် လက်နက်ကိုင် အကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦး ပုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုကဲ့သို့ လက်နက်ကိုင် အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှုများအပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

ပိန္နဲကုန်းရခိုင်ဂျာမေဗလီ
PINNAYGONE YAKHINE JAAME MOSQUE
No 1 , 130th Street ,Mingala Taungnyunt Township ,Yangon,Myanmar,Tel: 01 – 291122

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ သဘောထား ထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

၁။ PDF အကြမ်းဖက်သမားများက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၅ ဦးတို့သေဆုံးခဲ့ပြီး၊ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး ပုံးစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိခဲ့ပါသည်။

၂။ ယင်းသို့ အကြမ်းဖက်လုပ်ရပ်များကျူးလွန်နေသည့် အကြမ်းဖက်သမားများအား ပိန္နဲကုန်းရခိုင်ဂျာမေဗလီက ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း
အမှတ် (၂၉)၊ မြေညီထပ်၊ ကိုးမြို့ကွန်ဒို၊ စံပြ(ဗ.ဆ.ပ.လ) ရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၇၇၈၅၃၉၄၉၊ ၀၉-၈၇၇၈၅၃၉၈၂၂
E-mail: bmrdamm@gmai.com Web Site : www.bmrdamm.org

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေး အသင်းမှ သဘောထားထုတ်ပြန်ချက်

(၉.၅.၂၀၂၄)

တည်ငြိမ်အေးချမ်းမှုကိုပျက်ပြားစေရန်ရည်ရွယ်၍ မေလ ၉ ရက် ယနေ့နံနက်ပိုင်းက PDF အကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၃၂ ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု သိရှိရပါသည်။

ယခုကဲ့သို့ အကြမ်းဖက်သမားများ၏လုပ်ရပ်အား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

ချောင်းဆုံ မေ ၉

# ချောင်းဆုံမြို့နယ်ရှိ ယာယီနေရပ်စွန့်ခွာသူများအား ကျေးရွာတည်ငြိမ်အေးချမ်းပြီဖြစ်ကြောင်းအသိပေး



မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဓမ္မသတ်ကျေးရွာမှ လာရောက်နေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာသူများ၏ ကျေးရွာတည်ငြိမ်အေးချမ်းပြီး နေအိမ်များအကောင်းအတိုင်းကျန်ရှိနေကြောင်း အသိပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မူဒွန်းကျေးရွာ နတ်ရေတွင်းဘုန်းတော်ကြီးကျောင်း၊ တောင်စွန်းကျေးရွာ သဒ္ဓမ္မဇောတိကာဘုန်းတော်ကြီးကျောင်း၊ ရွာလွတ်ကျေးရွာ မဟာဝိဟာရဘုန်းတော်ကြီးကျောင်းနှင့် ကလော့ကျေးရွာ အောင်သိဒ္ဓိမွန်ကျောင်းတို့၌ တာဝန်ရှိသူများက ကွင်းဆင်းအသိပေးကြသည်။

အဆိုပါ ယာယီနေရပ်စွန့်ခွာသူများအား အသိပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ဥက္ကဋ္ဌ) ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့(ဥက္ကဋ္ဌ)က ယာယီနေရပ်စွန့်ခွာ လာရောက်နေထိုင်သူများအနေဖြင့် ၎င်းတို့၏ကျေးရွာများ လုံခြုံအေးချမ်းသွားပြီဖြစ်ကြောင်း၊ ကျေးရွာများအတွင်း နေအိမ်များအကောင်းအတိုင်းကျန်ရှိနေသည့် မိသားစုများအနေဖြင့် စိတ်အေးချမ်းသာစွာနေထိုင်နိုင်ပြီဖြစ်ကြောင်း၊ မိမိတို့နေရပ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ရန်အတွက် လိုအပ်သည့် အကူအညီများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၉-၅-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ချောက် | ၄၂ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | မကွေး | ၄၁ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၂ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၄၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၄၂ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် | မင်းဘူး | ၄၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၄၁ | ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၄၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်တွင်းကြီး | ၄၁ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | သာယာဝတီ | ၄၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၄၁ | ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | ညောင်လေးပင် | ၄၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၁ | ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် | ကြို့ပင်ကောက် | ၄၁ | ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |

♫♫ သင်္ဂဇင်(FM) အသံလွှင့် အစီအစဉ် ♫♫

၁၀-၅-၂၀၂၄(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၅း၀၀ | တော်ဝင်ပန်းလေးသဇင် |
| ၄။ | ၁၇း၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၅။ | ၂၁း၂၀ | မြန်မာသံစဉ် (ကာလပေါ်) |
| ၆။ | ၂၁း၄၀ | Love Dictionary |

❖ "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထားဆောင်ရွက်ကြစေလို...

❖ မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို မဖြစ်မနေ အားပေးမြှင့်တင်ရန်လိုအပ်သောကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှအစပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကိုဆောင်ရွက်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်...

❖ ယနေ့တွင်ကျင်းပပြုလုပ်သည့် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"အခမ်းအနားတွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အဦများ လှူဒါန်းမှုစုစုပေါင်းအနေဖြင့် စာကြည့်တိုက် ၁၄၇ တိုက်အတွက် ငွေကျပ်သိန်းပေါင်း ၂၂၀၅၀ နှင့် စာအုပ်စာစောင် စုစုပေါင်း ၇၀၇၈၀ ဖြစ်...

☆ စာမျက်နှာ ၁၅ မှအဆက်

အတိုင်းအတာဖြင့် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" များကိုဆောင်ရွက်ရန်ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပညာရေးအခြေအနေအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ပင် တန်းစဉ်ကူးပြောင်းမှုများသည် နှစ်စဉ်လျော့နည်းခဲ့သည်ကို အချက်အလက်များအရသိရှိရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများသည် လျော့နည်းခဲ့သည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းခြင်းသည် နိုင်ငံအတွင်း ပညာတတ်ပေါကြွယ်ဝခြင်းကို ထိခိုက်စေလျက်ရှိသဖြင့် တန်းစဉ်ကူးပြောင်းမှုမြှင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တန်းစဉ်ကူးပြောင်းမှုတွင် မပါဝင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အသိပညာ အတတ်ပညာများလေ့လာဖတ်ရှုနိုင်ရေး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စာဖတ်ရှိန်မြှင့်တင်မှုနှင့်ပတ်သက်၍ အွန်လိုင်းမီဒီယာများ၌ စာပေဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များ လွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကိုအကျိုးရှိစေမည့် စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန်လိုကြောင်း၊ **စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုနိုင်**ကြောင်း၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ **စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေး**ရန်လိုကြောင်း၊ ကျေးလက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အမှန်တကယ် အကျိုးဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ထားရှိနိုင်ရေးအတွက်လည်း တာဝန်ရှိသူများမှကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း။

**စာပေဖတ်ရှုခြင်းတွင် အပျော်ဖတ်စာပေမှစတင်၍ ဗဟုသုတရရှိသည့် စာပေအထိဖတ်ရှုရန်လို**ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတို့မှ သုတ၊ ရသစာအုပ်စာစောင်များကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိသကဲ့သို့ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိကြောင်း၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြသည့် အလှူရှင်များအားလုံး၏ လှူဒါန်းမှုသည် စဉ်ဆက်မပြတ်သည့်၊ မွန်မြတ်သည့် အသိပညာဒါနအလှူဖြစ်သည့်အတွက် ဘဝတစ်သက်တာ အထောက်အကူပြုသော လှူဒါန်းခြင်းဖြစ်သဖြင့် အထူးပင်ကျေးဇူးတင်ရှိသည်ကိုပြောကြားလိုကြောင်း၊ **မှန်ကန်ကောင်းမွန်သည့် အသိပညာများစုဆောင်းရရှိထားခြင်းသည် ဘဝတစ်လျှောက်လုံးဖြတ်သန်းမှုအတွက် အကျိုးရှိစေမည်ဖြစ်သဖြင့် လူတိုင်းစာဖတ်နိုင်ရေးအတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်**ကြောင်း။

မိမိတို့စတင်တာဝန်ယူဆောင်ရွက်ချိန်တွင် နေပြည်တော်ကို Green City၊ Clean City၊ Smart City ဖြစ်စေရန်နှင့် Smokeless Industry များ အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအထဲတွင် ပညာရေးမြို့တော်အဖြစ် တည်ဆောက်နိုင်ရေးအတွက်လည်း အားပေးဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်များကိုလည်း တိုးချဲ့တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီး၌ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှစံပြုထိုက်သည့် မြို့တော်တစ်ခုဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"များကို ရည်ရွယ်ချက်ရှိစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအားလုံးက အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ နေပြည်တော်ကိုဗဟိုပြု၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်လည်း "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"များကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် နိုင်ငံ့အရေးကိုဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုလှုပ်ရှားမှုတွင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်လာနိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုမှ အလှူငွေများကိုပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်အလှူရှင်များက စာကြည့်တိုက်အဆောက်အဦများတိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများကို အသီးသီးပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဧပြီလ ၁၀ ရက်တွင်ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် လက်ခံရရှိခဲ့သည့် အလှူငွေကျပ် ၁၀၂၇၆၂၄၃၈၀၊ စာအုပ်စာစောင်ပေါင်း ၈၅၅၄၀ ကို ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပြန်လည်ခွဲဝေပေးအပ်မည့်အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ ဦးစွာ တိုင်းဒေသကြီး၊ ပြည်နယ် ၁၄ ခုရှိ စာကြည့်တိုက် ၄၆ တိုက် ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၃၀၀ နှင့် စာကြည့်တိုက် ၂၇ တိုက် အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၄၀၅၀၊ စုစုပေါင်းငွေကျပ်သိန်းပေါင်း ၆၃၅၀ နှင့် ပြည်သူများစာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၆၇၇၈၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ စာကြည့်တိုက် ၄ တိုက် ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၂၀၀ နှင့် စာကြည့်တိုက် ၃ တိုက် အသစ်တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၄၅၀၊ စုစုပေါင်း ငွေကျပ်သိန်း ၆၅၀ နှင့် ပြည်သူများစာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် စာအုပ်စာစောင် ၃၀၀၀ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"အဖြစ် ၁၉၇၄ ခုနှစ်၊ တက္ကသိုလ်ပထမနှစ် လူရည်ချွန်ဟောင်းတစ်ဦးဖြစ်သည့် မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်အငြိမ်းစား၊ အမျိုးသားစာပေဆု၊ ဆရာဝန် တင်ရွှေဆု၊ စာပေဗိမာန်စာမူဆုရှင် စာရေးဆရာ ဆရာကြီး ဒေါက်တာမောင်သင်းက **"စာပေတန်ဆောင် လူသားအလင်းရောင်"**ခေါင်းစဉ်ဖြင့် စာပေလေ့လာဖတ်ရှုမှုအကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ၏ "ဘက်စုံပညာရည်တို့လှမ်းချီ" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုများ ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ယနေ့တွင်ကျင်းပပြုလုပ်သည့် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အဦများ လှူဒါန်းမှုစုစုပေါင်းအနေဖြင့် စာကြည့်တိုက် ၁၄၇ တိုက်အတွက် ငွေကျပ်သိန်းပေါင်း ၂၂၀၅၀ နှင့် စာအုပ်စာစောင်စုစုပေါင်း ၇၀၇၈၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၅-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၀ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၀ | ၂၇၅၅ | ၂၇၆၅ | ၂၇၂၀ | ၂၈၅၀ | ၂၈၈၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၇၅ | ၂၇၆၅ | ၂၇၈၀ | ၃၁၈၅ | ၃၄၅၀ |
| 95 Ron | ၂၇၆၅ | ၂၈၄၅ | ၂၈၂၀ | ၂၇၇၅ | ၂၈၄၅ | ၂၈၅၅ | ၂၈၇၀ | ၂၈၂၅ | ၂၉၅၅ | ၂၉၈၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၈၀ | ၂၈၇၀ | ၂၈၈၀ | ၃၂၉၀ | ၃၅၆၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၄၀၀ | ၂၃၈၀ | ၂၃၃၅ | ၂၄၀၅ | ၂၄၁၅ | ၂၄၂၅ | ၂၃၈၅ | ၂၅၁၅ | ၂၅၄၅ | ၂၃၉၀ | ၂၄၀၅ | ၂၄၄၀ | ၂၄၃၀ | ၂၄၄၀ | ၂၈၅၀ | ၃၅၈၀ |
| HSD (50 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |
| HSD (10 ppm) | ၂၃၇၀ | ၂၄၅၀ | ၂၄၂၅ | ၂၃၈၀ | ၂၄၅၀ | ၂၄၆၅ | ၂၄၇၅ | ၂၄၃၀ | ၂၅၆၀ | ၂၅၉၀ | ၂၄၄၀ | ၂၄၅၅ | ၂၄၈၅ | ၂၄၇၅ | ၂၄၈၅ | ၂၈၉၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၂၆ | ၂၆၁၀ |
| 95 Ron | ၂၆၂၆ | ၂၇၁၂ |
| HSD (500 ppm) | ၂၁၉၈ | ၂၂၇၁ |
| HSD (50 ppm) | ၂၂၄၄ | ၂၃၁၉ |
| HSD (10 ppm) | ၂၂၄၄ | ၂၃၁၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အလှူငွေနှင့် စာအုပ်စာစောင်များထောက်ပံ့ပေးအပ်ရာ မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အလှူငွေနှင့် စာအုပ်စာစောင်များထောက်ပံ့ပေးအပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက လက်ခံရယူစဉ်။

☆ စာမျက်နှာ ၁၆ မှအဆက်

ကျောင်းသား၊ ကျောင်းသူများ၏ "ပညာဘဏ်တိုက် စာကြည့်တိုက်သို့သွားကြစို့" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ "Video Clip"ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတွင် ပညာနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်းကြောင့် ပညာဗဟုသုတပြည့်စုံကြွယ်ဝရေး အလွယ်ကူဆုံးနှင့်အထိရောက်ဆုံးဆောင်ရွက်နိုင်သည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်ပြီး စာကြည့်တိုက်များ၏လုပ်ငန်းရပ်များ ပိုမိုတိုးတက်လှုပ်ရှားမှုမှတ်တမ်းတွင် သင်ယူသူများအနေဖြင့် စာတတ်မြောက်ရန်အတွက် စိတ်အားထက်သန်နေသည်ကို တွေ့ရှိနိုင်ကြောင်း၊ စာပေတတ်မြောက်မှုမရှိခြင်းသည် လူတစ်ဦးချင်းစီ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများကြုံတွေ့နိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူမှုစာရင်းများအရ စာတတ်မြောက်မှုရာခိုင်နှုန်းအရ ပျမ်းမျှအားဖြင့် ၉၂ ရာခိုင်နှုန်းခန့်သည် စာတတ်မြောက်မှုရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် အများစုအနေဖြင့် မူလတန်းပညာကိုသာ တတ်မြောက်ကြခြင်းဖြစ်ပြီး ကျောင်းနေအရွယ်ကို ကျော်လွန်သွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့အနေဖြင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိပညာ၊ အတတ်ပညာများရရှိအောင်ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဓာတ်ပုံမှတ်တမ်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

လာစေရန် ဧပြီလမှစတင်၍ လှုပ်ရှားမှုဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့အခမ်းအနားသည် တတိယအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကိုလိုလားကြကြောင်း၊ ယခင်က စာတတ်မြောက်ရေးလှုပ်ရှားမှုရုပ်ရှင်ဖြစ်သည့် "ဘယ်သူပြိုင်လို့လုပါတော့နိုင်" ရုပ်ရှင်ကား၌ "အ" သုံးလုံး

အောင်မြင်စေရန် ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အသိုင်းအဝိုင်း၊ သာယာဝပြောသည့် အသိုက်အဝန်းနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ပညာတတ်များမွေးထုတ်ပေးရန်လိုကြောင်း၊ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝရန် လိုအပ်ကြောင်း၊ ကမ္ဘာပေါ်ရှိဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်းသည် ပညာရေးကိုအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်ပေါ်ကြွယ်ဝသည့် နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့်ဆောင်ရွက်နိုင်သည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများကို နိုင်ငံရေးယဉ်ကျေးမှုအနေဖြင့်သာ ဖြေရှင်းဆောင်ရွက်နိုင်ကြသော်လည်း ပညာတတ်နည်းပါးသည့် နိုင်ငံများတွင် ပဋိပက္ခများဖြစ်ပေါ်နေမည်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာတတ်များပေါ်ကြွယ်ဝစေရေးအတွက် လူတိုင်းစာတတ်မြောက်ရေးကို ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် ပညာတတ်များပေါ်ကြွယ်ဝရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပညာရည်မြှင့်တင်ရေးလှုပ်ရှားမှုများကို မဖြစ်မနေအားပေးမြှင့်တင်ရန်လိုအပ်သောကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှအစပြု၍ တစ်နိုင်ငံလုံး

စာမျက်နှာ ၁၄ သို့ ☆

❖ စာပေတတ်မြောက်မှုမရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများကြုံတွေ့နိုင်...

❖ မိမိတို့နိုင်ငံ၏ အမျိုးသားရေးရည်မှန်းချက်အောင်မြင်စေရန် ဖွံ့ဖြိုးတိုးတက်သည့် လူ့ဘောင်အသိုင်းအဝိုင်း၊ သာယာဝပြောသည့်အသိုက်အဝန်းနှင့် မြန်မာနိုင်ငံကို ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများမဖြစ်မနေလိုအပ်မည်ဖြစ်...

★ ရှေ့ဖုံးမှအဆက်

ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်းမှတာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ မြို့မိမြို့ဖများ၊ ဆရာ၊ ဆရာမများ၊ ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်မောင်မယ်များ၊ လူရည်ချွန်မောင်မယ်များ၊ ကင်းထောက်လူငယ်များ၊ ကြက်ခြေနီမောင်မယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်မှ စာမျက်နှာ ၁၅ သို့ ★



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၊ နေပြည်တော်မှ ကျောင်းသား၊ ကျောင်းသူများ၏"ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကိုကြည့်ရှုအားပေးကြပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ "Video Clip"ကို ကြည့်ရှုကြစဉ်။





# ပညာတတ်ပေါကြွယ်ဝသည့်နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်သည်ကိုတွေ့ရ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုက စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက်အဆောက်အဦများတိုးချဲ့ဆောက်လုပ်နိုင်ရေး အလှူငွေများကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက စာကြည့်တိုက်အဆောက်အဦများ တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW May 9

# SAC Chairman Prime Minister Senior General Min Aung Hlaing delivers speech at the ceremony to launch "developing libraries and raising reading habit campaign" in Nay Pyi Taw Union Territory



Senior General Min Aung Hlaing delivers a speech at the ceremony.

A ceremony to launch "developing libraries and raising reading habit campaign" took place in Nay Pyi Taw Union Territory at the Nay Pyi Taw City Hall this morning, with attendances of Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla.

Also present at the ceremony were Council Joint Secretary Lt-Gen Ye Win Oo and wife, council members and their wives, union-level dignitaries, union ministers and their wives, the chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, departmental officials, well-wishers and guests, officials from associations from Nay Pyi Taw Council Area and Nay Pyi Taw Libraries Foundation, member of Nay Pyi Taw Book Club, village librarians, town elders, teachers, youths from maritime and aviation training courses, outstanding students, scout youths, Red Cross members and students.

The Senior General and those attendees watched presentation of students from No 11 Basic Education High School with the song "Let's go to library" and viewed a video clip on raising the library.

Speaking on the occasion, the Senior General said that efforts are being made to develop libraries and raise reading habit for effectively broadening the scope of knowledge for the people as the country faces requirements in knowledge. Donations of books started in April to open more and more libraries and develop work process of libraries. This ceremony will be the third ceremony for libraries.

Everybody wishes to have development. In the past, an antique film "Who can compete to be beautiful" focusing on literacy campaign showed active participation of learners in the




Senior General Min Aung Hlaing views a book.



Senior General Min Aung Hlaing and Daw Kyu Kyu Hla view books and publications.

See Page - 19►►

◄◄From Page - 18

3-Rs movement. Individuals without literacy will face difficulties in socio-economic development. According to the literacy rate in the 2019 interim census, Myanmar had 92 percent of literacy rate. But, most of the people have completed just primary education, and they are beyond the school age. Hence, it is necessary to create chances for them to accumulate knowledge and technologies in the society. In order to achieve success in national vision of the State, it is necessary to turn well-versed human resources as a must to establish a developed society and a prosperous society and build Myanmar capable of keeping abreast of global countries. To do so, educated citizens must be turned out. Number of educated persons must be produced for development of a country. All developed countries encourage enhancement of education sector. As the countries with number of educated persons have a wide range of knowledge, they can realize any political systems stability. Although they can solve political controversies through political culture, the countries with lesser number of educated persons can face conflicts. Hence, the literacy campaign for all is being implemented for raising number of educated people and then heading to increase number of educated persons.

As Myanmar needs to raise education qualification movement, the developing libraries and raising reading habit campaign will be launched in Nay Pyi Taw Union Territory. According to the educational data, changing of student grade declines in Nay Pyi Taw Council Area yearly as well as the whole country. Such a form of declining may harm increasing number of educated persons in the country. So, encouragement is being given to rising the changing of student grade. Moreover, library development is being encouraged for the students not involved in the changing of student grade to have knowledge.

Although people can read literature online media to raising the reading habit, it is necessary to choose the literature beneficial for their lives due to influence of toxic information in online media. Reading can contribute their lives. Hence, it is necessary to choose the best literature for supporting the socioeconomic life. It is necessary to establish and upgrade libraries at schools. Officials need to supervise libraries for providing useful books and publications for rural people and students.

When delving into literature, it's essential to transition from reading for pure pleasure to seeking knowledge. The Ministry of Information, alongside the Directorate of Public Relations and Psychological Welfare, consistently releases aesthetic book publications on a weekly, monthly, and yearly basis, often featured in newspapers. The generous donations of both funds and books for library development are truly commendable. I express heartfelt gratitude for these noble contributions, recognizing their enduring impact on individuals' lives. Building a reservoir of accurate and valuable knowledge serves as an invaluable asset throughout one's lifetime, underscoring the importance of fostering reading opportunities for all.

As we embraced responsibility, initiatives were undertaken to transform Nay Pyi Taw into a green, clean, and smart city while fostering a smokeless industry. Central to this vision was the encouragement of educational infrastructure, including the establishment and expansion of universities, to shape Nay Pyi Taw as a hub of learning. It is imperative that the Nay Pyi Taw council area sets a precedent for other regions and states, particularly in education. Consequently, the ongoing "library development and reading promotion activities" are purpose-driven, requiring the attention of all officials. While these efforts are centered in Nay Pyi Taw, similar endeavors must be encouraged across regions and states, as they are integral to national development. Sustained commitment is crucial to ensuring widespread public engagement in this movement.

Next, the Senior General, wife and family made a cash donation that the union information minister accepted.

Then, the Myanmar Library Development Cooperation Committee, the Nay Pyi Taw Council, region and state governments and well-wishers made their cash donations for the construction of more library buildings. The Senior General accepted the donations and presented them with certificates of honour.

A total of Ks-1,027,624,380 and 85,540 publications donated at the ceremony on April 10 were then handed over to various regions and states including the Union Territory. The Senior General handed over Ks-230 million for repairing 46 libraries in the 14 regions and states and Ks-405 million for 27 new libraries totalling Ks-635 million and 67,780 books and publications to the union information minister.

Then Ks-20 million to renovate and open 4 libraries in Nay Pyi Taw and Ks-45 million to build and open 3 new libraries totalling Ks-65 million and 3,000 books and publications were handed over by the Senior General to the Nay Pyi Taw Council chairman.

After that, retired Mandalay University Rector and National Literary Award winner Dr. Tin Shwe, who was a first-year university outstanding student in 1974, Sarpay Beikman Manuscript Award winner and writer Dr. Maung Thin, gave talks on the benefits of studying and reading literature.

Then, the Senior General and those who attended the ceremony enjoyed the performances by the students in Nay Pyi Taw.

Later, the Senior General and the attendees of the ceremony viewed the displayed books and photo records with interest.

At the "Library Development and Reading Promotion Campaign" held today, it was reported that the total donation of library facilities for the development of libraries is Ks-2,205 million for 147 libraries and 70,780 books and publications.

100

# State Administration Council

# Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**

**State Administration Council**


CHINA

# China launches new satellite

China on Thursday launched a Long March-3B carrier rocket, placing a new satellite in space.

The rocket blasted off at 9:43 a.m. (Beijing Time) from Xichang Satellite Launch Center in the southwestern province of Sichuan, sending the Smart SkyNet-1 01 satellite into its preset orbit.

It was the 521st flight mission of the Long March rocket series. **Xinhua**



A Long March-3B carrier rocket carrying the Smart SkyNet-1 01 satellite blasts off from the Xichang Satellite Launch Center in southwest China's Sichuan Province, May 9, 2024.

CHINA

# China, France to advance bilateral trade, economic cooperation: spokesperson

China's Ministry of Commerce (MOC) said Thursday that it will work with French authorities to promote trade and economic cooperation between the two countries.

The MOC and the French foreign ministry recently signed a memorandum of understanding concerning the strengthening of cooperation between small and medium-sized enterprises, with the aim of creating a better business environment for cooperation between such firms, MOC spokesperson He Yadong told a briefing.

The sixth meeting of the China-France Business Council was successfully held recently, with companies signing 15 cooperation deals in the fields of finance, nuclear energy, aviation, manufacturing and new energy, He added.

Over the past 60 years since China and France established diplomatic relations, their bilateral trade volume has seen a nearly 800-fold increase, reaching 78.9 billion U.S. dollars in 2023, He said.

Total two-way investment has exceeded 26 billion U.S. dollars over the past six decades while more than 2,000 French companies are currently conducting business in China, He noted.

**Xinhua**

ISRAEL

# At least 30 killed during Israel's continuing military assault in Gaza's Rafah



At least 30 killed during Israel's continuing military assault in Gaza's Rafah.

Israel's army announced on Wednesday that it was continuing its military operation on Gaza's Rafah, reporting approximately 30 casualties since the offensive began on Monday night.

According to an army statement, the 30 casualties were militants, while Gaza health officials reported about 35 deaths, including a four-month-old baby.

The army said that a tank division and an armored brigade have been operating on the ground in eastern Rafah, while attack drones carried out strikes from the air.

They attacked about 100 "targets" in the region, including militant infrastructure and "suspicious buildings" from which Hamas fighters fired at Israeli soldiers, the army said.

Israel launched the assault on Rafah overnight between Monday and Tuesday, citing its aim to eliminate four Hamas battalions that remain in the southern city.

Troops gained "operational control" over the Gazan side of the Rafah crossing on Tuesday, a key entry point for humanitarian aid from Egypt to the famine-stricken Gaza, and shut it down.

**Xinhua**

PHILIPPINES

# Philippine agriculture loses over 103 mln USD due to El Niño

The El Nino dry spell and drought damage to Philippine agriculture has reached 5.9 billion pesos (103 million U.S. dollars), Philippine President Ferdinand Romualdez Marcos said Thursday.

Marcos added that at least 3.6 million Filipinos across the country have been affected by the El Nino phenomenon.

While the Philippines copes with the sweltering weather, the Southeast Asian country also braces for La Nina's arrival.

"We are in the midst of extreme weather; extreme heat now and heavy rain in the coming months," Marcos said during his visit to Zamboanga City in the southern Philippines.

Marcos flew to the region to distribute aid to the farmers and fisherfolks who have been severely affected by El Nino.

El Nino occurs when seawater is warmer than usual, while La Nina is a large-scale cooling of sea surface temperatures in the central and equatorial Pacific Ocean.

**Xinhua**

CHINA

# 3 more Chinese items inscribed on UNESCO Memory of the World regional register

Three items from China have been listed as documentary heritage on the Asia Pacific regional register of UNESCO's Memory of the World (MOW) Programme, the National Archives Administration of China said Thursday.

The listed items include archives relating to traditional teahouses in Chengdu, capital of southwest China's Sichuan Province, genealogical records of the communities of Huizhou in east China's Anhui Province, and printing blocks housed at the Dege Sutra Printing House in Sichuan.

The decision was approved at the 10th General Meeting of the Memory of the World Committee for Asia and the Pacific, convened from Tuesday to Wednesday in Ulaanbaatar, Mongolia.

The collection of documents that record the tea-drinking business entrepreneurship in Chengdu comprises 6,345 items, spanning from 1903 to 1949. These materials take a wide range of forms, such as manuscripts, business documents and photographs.

The Huizhou genealogy archives consist of 2,235 files spread across 427 volumes, documenting the genealogical culture that spans nearly a millennium.

Built in 1729, the Dege Sutra Printing House preserves in good condition 325,520 woodcut printing plates containing significant Tibetan classics dating back to the 11th century. The majority of the blocks were carved between the 18th and mid-20th centuries.

To date, China has 17 items of documentary heritage inscribed on the MOW regional register for Asia and the Pacific.

**Xinhua**

NAY PYI TAW May 9

# So-called PDF terrorists fire heavy weapons into Hsonywa Village in Myingyan Township randomly without reason, killing 32 local residents, causing splinter-injury to 14 others

So-called PDF terrorist fired heavy and small weapons into Hsonywa Village, to the east of Hsimegon Village in Myingyan Township randomly this morning, killing a total of 32 people including 17 Men and 15 women and causing splinter-injury to 14 others including five men and nine women by bomb splinters.

So-called PDF terrorists, with the aim of creating fears in remote villages and wards, which are out of limits for reinforcement and supports, commit acts of terror such as firing heavy weapon shots randomly without any reasons, burning houses, schools and religious buildings down and abducting and killing and they fired heavy weapons at the camp of the people's militia in Hsonywa Village, about 4,000 meters to the east of Hsimegon Village in Myingyan Township from the east and southeast of the village this morning, prompting People's MIlitia in the village to respond and forcing the terrorists to retreat to the east of the village without taking the camp. During their retreat, they burnt down nearby houses.



Documentary photographs showing the arson attacks in Hsonywa Village in Myingyan Township by so-called PDF terrorists who fired heavy weapons into the village.



Documentary photographs showing the arson attacks in Hsonywa Village in Myingyan Township by so-called PDF terrorists who fired heavy weapons into the village.

As the terrorists' heavy weapon rounds fell on houses, killing a total of 32 people including 17 men and 15 women and causing splinter-injuries to 14 others including five men and nine women, all of them were living peacefully in the village.




Location of arson attacks on houses in Hsonywa Village in Myingyan Township by so-called PDF terrorists.

As about 50 houses in the village were destroyed by the terrorist arson attack, members of the security force nearest to the village went to the scene, putting down the fire and to transport the injured to a local defence services hospital in Mandalay for medical treatments. Security measures are being taken to track down the retreating terrorists. **100**

BUSINESS

# Cucumber from Myinmu, Nyaungbinwun in high demand at domestic market

Cucumber from Myinmu and Nyaungbinwun regions which flow into Thiri Marlar green grocery market in Aungmyethazan District of Market is in high demand, according to the com-modity depots at the market.

Some five to six truckloads of cucumber from Myinmu and Nyaungbinwin regions flow into Thiri Marlar green grocery market in Aungmyethazan District on a daily basis. At present, cucumber is traded at Ks-25,000 to Ks-26,000 per bag containing some 100 fruits, said U Aung Moe Naing, owner of Aung brokerage in Mandalay.

"Currently, farmers grow cucumber depending on weather. But, all regions except Myinmu and Nyaungbinwun regions do not produce cucumber yet. All green groceries are in high trade," he explained.

Moreover, other crops such as potato, white mustard, tomato, cabbage, chilli, gold bean, eggplant, chickpea and cauliflower are also marketable in Mandalay. Trucks of green groceries flow into Mandalay as usual.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော်   မေ   ၉

# မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရသည့်အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် နေအိမ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာကို ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦးသေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။ ထို့ပြင် ကျေးရွာအတွင်း စစ်ရေးနှင့်မသက်ဆိုင်သည့် အေးချမ်းစွာနေလိုသည့် အပြစ်မဲ့ပြည်သူများ၏ အိုးအိမ်များအား PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့ရာ ကျေးရွာအတွင်းရှိ နေအိမ်အလုံး ၅၀ ခန့် မီးလောင်ဆုံးရှုံးခဲ့မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ယနေ့နေ့လယ်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်သတ်ဖြတ်မှုကြောင့် သေဆုံးခဲ့ရသူများ၏ မိသားစုဝင်များနှင့် နေအိမ်ဆုံးရှုံးခဲ့ရသည့် ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ကျေးရွာရှိပြည်သူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေကျပ် ၃၄၆ သိန်းနှင့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ တို့ကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ နှင့် ဆန် ၂၅ အိတ်၊ ဆီ ၅၀ ပိဿာ၊ ပဲ ၅၀ ပိဿာ၊ ဆား ၂၅ ပိဿာတို့ကို လည်းကောင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)



မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့်နေအိမ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံအားပေးစကားပြောကြားစဉ်။




မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့်နေအိမ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့မှ တာဝန်ရှိသူများက အလှူငွေနှင့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။




မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ်နေရာပြပုံ။





မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

⏭ ကျောဖုံးမှအဆက်

များအား မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏အရှေ့ဘက် မီတာ ၄၀၀၀ ခန့်အကွာရှိ ဆုံရွာကျေးရွာ ပြည်သူ့စစ်စခန်းအား ယနေ့နံနက်ပိုင်းတွင် ကျေးရွာ၏တောင်ဘက်နှင့် အရှေ့တောင်ဘက်မှ နေ၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျေးရွာရှိ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာပြည်သူ့စစ်စခန်းအား သိမ်းပိုက်နိုင်ခြင်းမရှိဘဲ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဆုတ်ခွာစဉ် နီးစပ်ရာနေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အကြမ်းဖက်သမားများက ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် နေအိမ်များပေါ်သို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ကာ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ် ၅၀ လုံးခန့် မီးလောင်ပျက်စီးခဲ့သဖြင့် ကျေးရွာနှင့်အနီးဆုံးလုံခြုံရေးတပ်ဖွဲ့ဝင်များကသွားရောက်၍ လိုအပ်သည့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကာ ထိခိုက်ဒဏ်ရာရရှိသူများအား မန္တလေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်းနှင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက်သမားများအား လိုက်လံချေမှုန်းကာ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



မြင်းခြံမြို့နယ် ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၉

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ





ဘော်လီဘောအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများစွာပေါ်ထွက်လာစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား/အမျိုးသမီး) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ကျင်းပသည်။

ယနေ့တွင် ဘော်လီဘော(အမျိုးသား) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲ ၁ ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ထို့ပြင် မေလ ၁၀ ရက်**(ယနေ့)** နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်း၊ (အမျိုးသမီး)အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**ကျော်လွင်(မြဝတီ)**

နေပြည်တော် မေ ၉

# ပခုက္ကူမြို့နယ်၊ ကံသစ်ကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများကိုသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ်များကိုမီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများလုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ကံသစ်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မေလ ၈ ရက်နေ့တွင် ဝင်ရောက်စီးနင်းပြီး ပြည်သူ ၂ ဦးကို ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ၂၀ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် နေအိမ် ၁၃ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက အထင်အမြင်လွဲမှားဖွယ် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရပါသည်။

ဖြစ်စဉ်အမှန်မှာ ပခုက္ကူမြို့နယ်၊ ကံသစ်ကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် PDF အမည်ခံအကြမ်းဖက်သမားများက ကံသစ်ကျေးရွာအနီးတစ်ဝိုက်တွင် အခြေပြုလှုပ်ရှားဆောင်ရွက်နေကြောင်း အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မေလ ၈ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာအနီး နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများ၏ ယာယီတဲစခန်းတစ်ခုအားတွေ့ရှိခဲ့ပြီး ဝင်ရောက်ရှင်းလင်းစဉ် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများမှ ကံသစ်ကျေးရွာရှိ နေအိမ်များကို မီးရှို့ထွက်ပြေးသွားခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့နောက် ယာယီတဲစခန်းအတွင်းမှ အကြမ်းဖက်သမားအလောင်း ၂ လောင်း၊ လက်လုပ်သေနတ် ၅ လက်နှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ဖြစ်စဉ်ဖြစ်ရပ်များကို အခြေခံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေပြီး အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။

(၁၀၀)





**GOGLOBAL MYANMAR COMPANY LIMITED**

**[လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ]**

**အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသည့် နောက်ဆုံးအစည်းအဝေး Final Meeting For Dissolution တက်ရောက်ရန်ဖိတ်ကြားခြင်း**

အထက်ဖော်ပြပါကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၀၈၆၄၇၂၆၄)အား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးကျင်းပသည့်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးကျော်ခိုင်လင်း၏ရုံးခန်းလိပ်စာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံးတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြ၍ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**U Kyaw Khine Lin**
**Certified Public Account**
**Liquidator**
**Member of Myanmar Association of Insolvency Practitioners**
**Building F, Room 12/4, Pearl Condo, Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar**

**CCMYANMAR LINK LTD**

**[လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ]**

**အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသည့် နောက်ဆုံးအစည်းအဝေး Final Meeting For Dissolution တက်ရောက်ရန်ဖိတ်ကြားခြင်း**

အထက်ဖော်ပြပါကုမ္ပဏီမှတ်ပုံတင်အမှတ်(၁၂၇၂၇၄၇၃၈)အား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးကျင်းပသည့်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၁)ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် အောက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးကျော်ခိုင်လင်း၏ရုံးခန်းလိပ်စာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံးတက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြ၍ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**U Kyaw Khine Lin**
**Certified Public Account**
**Liquidator**
**Member of Myanmar Association of Insolvency Practitioners**
**Building F, Room 12/4, Pearl Condo, Kabar Aye Pagoda Road, Bahan Township, Yangon, Myanmar**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကမ္ဘဝတီ တာမိုးတောင်ရပ်နေ ဒေါ်ဌေးတင်၏သမီး မအေးစုအောင် ၉/ခမစ(နိုင်)၀၄၄၃၀၄ သည် မိခင်၏ဆုံးမမှုကို မလိုက်နာဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်ဌေးတင်**
**၅/ဆလက(နိုင်)၀၄၇၆၅၀**

**ပျောက်ဆုံးကြောင်း**

ထက်မြက်အောင်(ဘ)ဦးစိုးအောင် ၁၀/လမန(နိုင်)၀၀၈၄၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 052837)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၄၁၂၄၀၈၇**

**ပျောက်ဆုံးကြောင်း**

အောင်ကိုမင်း(ဘ)ဦးဘိုးချိတ် ၈/ပဖန(နိုင်)၀၇၉၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A552164)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

မူမူခင်(ဘ)ဦးမောင်ခင် ၁၂/သကတ(နိုင်)၁၁၆၈၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 199806)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၃၇၂၃၈၃၂**

**ပျောက်ဆုံးကြောင်း**

တင်တင်မော်(ဘ)ဦးစန်းမြင့် ၁၂/ကခက(နိုင်)၀၉၉၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 236683)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၃၃၆၀၂၅**

**ပျောက်ဆုံးကြောင်း**

နန်းမြကြည်(ဘ)စိုင်းခမ်းလွန်း ၁၃/ပလန(နိုင်)၀၇၄၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 677093)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၀၂၂၁၀၈**

**ပျောက်ဆုံးကြောင်း**

သော်သော်စိုး(ဘ)ဦးမျိုးနိုင် ၁၂/ဥကမ(နိုင်)၁၇၀၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

နှင်းဝေဝေလှိုင်(ဘ)ဦးညွန့်ကြိုင် ၁၂/သဃက(နိုင်)၁၇၅၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 217770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ကိုကိုလွင်(ဘ)ဦးသောင်းကြွယ် ၁၂/သကတ (နိုင်)၁၂၃၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၅၂၉၉၆၉၃**

**ပျောက်ဆုံးကြောင်း**

သန္တာလတ်(ဘ)ဦးခင်မောင်လတ် ၁၂/ဒဂတ(နိုင်)၀၂၈၃၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(909610)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၆၆၃၆၇**

**ပျောက်ဆုံးကြောင်း**

သန်းဇော်ဝင်း(ဘ)ဦးဌေးအောင် ၈/မသန(နိုင်)၁၃၈၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 697331)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာ သာသနဓဇသိုက်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏာဒီပ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော်  မေ  ၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာ သာသနဓဇသိုက်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဉာဏာဒီပ (အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) သက်တော် (၁၀၁)နှစ် သိက္ခာတော် (၈၁) ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၆ ခုနှစ် ကဆုန်လဆန်း ၁ ရက် ၂၀၂၄ ခုနှစ် မေလ ၈ ရက် ဗုဒ္ဓဟူးနေ့ ည ၇ နာရီ ၃၄ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သိုက်ကုန်းကျေးရွာ သာသနဓဇသိုက်ကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏာဒီပ၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကမ်းဖြူကျေးရွာ ခမည်းတော် ဦးဖိုးအို၊ မယ်တော် ဒေါ်ဝတို့မှ ၁၂၈၆ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၉ ခုနှစ်တွင် ကမ်းဖြူရွာတောင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇကိုဥပဇ္ဈာယ်ပြု၍ အဘိုး ဦးမာ၊ အဘွား ဒေါ်ပြုံးမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၀၅ ခုနှစ် တပေါင်းလဆန်း ၆ ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့နယ် ကမ်းဖြူရွာ တောင်ကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တတေဇကို ဥပဇ္ဈာယ်ပြု၍ ကမ်းဖြူရွာနေ ဦးကျောင်းပေါင်း+ ဒေါ်ရွှံမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကမ်းဖြူရွာ တောင်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမ၊ မြင်းခြံမြို့ ကိုးဆောင်တိုက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသောဘိတ၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒရ၊ ညောင်တုန်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ မန္တလေးမြို့ ထီးလင်းတိုက်ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ၊ ဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တနာရဒစသော ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယ"ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း


ဆရာတော်သည် သာသနဓဇသိုက်ကုန်းကျောင်းတိုက်တွင် စာသင်သားရဟန်းသာမဏေများအား ပရိယတ္တိစာပေများသင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီး၊ မြို့နယ်ဝိနည်းဓိုရ် ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဟိတဓရဂုဏ်၊ သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ရတ္တညျူမဟာနာယကဂုဏ်၊ ဗဟုဇနဟိတသုခါဝဟဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၃ ခုနှစ်တွင် **"အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၁၀၁)နှစ် သိက္ခာတော် (၈၁)ဝါ အရ ၁၃၈၆ ခုနှစ် ကဆုန်လဆန်း ၁ ရက် (၈-၅-၂၀၂၄) ဗုဒ္ဓဟူးနေ့ ည ၇ နာရီ ၃၄ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ **(သတင်းစဉ်)**



**နေပြည်တော်  မေ  ၉**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ဧကမှန်ကန်ရေး၊ ပန်းတိုင်အထွက်နှုန်းတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ပန်းလှိုင်ရေထိန်းတံခါးနှင့် ပန်းလှိုင်ချောင်း ရေစီးရေလာအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ဖျာပုံ၊ မအူပင်၊ လပွတ္တာခရိုင်များမှ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အမှုထမ်း၊ အရာထမ်းများကို တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ ပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ မူဝါဒနှင့်ညွှန်ကြားချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ ဆီထွက်သီးနှံအထူးဇုန်များ၏ စိုက်ဧကနှင့်သီးနှံအထွက်ဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများ လွဲမှားမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ချက်များ၊ စိုက်ပျိုးရေလိုအပ်သည့်နေရာများနှင့် ရေရရှိမှုခက်ခဲသည့်နေရာများအတွက် စိုက်ပျိုးရေရရှိရေးလုပ်ငန်းချေးငွေရရှိနိုင်ရေးတင်ပြဆောင်ရွက်ရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိသည့် နွေစပါး၊ မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံပုံစံအလိုက် သက်တမ်းတိုမျိုးများ ပြောင်းလဲစိုက်ပျိုးပြီး သီးထပ်ဧရိယာမြှင့်တင်ဆောင်ရွက်ရန် တာဝန်ရှိသူကွင်းဝန်ထမ်းများအားလုံး တာဝန်ကျရာဒေသအရောက် လက်တွေ့မြေပြင်ကွင်းဆင်း၍ တောင်သူများ၏ မျိုး၊ မြေ၊ ရေ၊ နည်းစနစ် လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး မျက်ခြည်မပြတ် ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ကော်ဖီစိုက်ဧရိယာများ တိုးချဲ့နိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မြေနိမ့်ကော်ဖီမျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဆီထွက်သီးနှံအထူးဇုန်ဧရိယာများနှင့် အဓိကသီးနှံများလျာထားဧကပြည့် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်ရရှိရေး တွန်းအားပေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ဦးစီးဌာနအလိုက် ညွှန်ကြားရေးမှူးချုပ်များက စီမံကိန်းလုပ်ငန်းဆိုင်ရာများနှင့်ကိန်းဂဏန်းအချက်အလက်များတိကျမှန်ကန်စေရေး၊ စံကွက်ရိတ်သိမ်းခြင်းနှင့် ကိုယ်စားပြုဧရိယာသတ်မှတ်ခြင်းကိစ္စရပ်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

**နေပြည်တော်  မေ  ၉**

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**


နေပြည်တော်  မေ  ၉

# တရားမဝင် သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ ဖမ်းဆီး ရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **မေလ ၅ ရက်နှင့် ၇ ရက်** တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ထားဝယ်မြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးနှင့် ကျိုက္ခမီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဂျပန်နိုင်ငံထုတ် Recond Refrigerator ရေခဲသေတ္တာ (၁၅) လုံး၊ ထိုင်းနိုင်ငံထုတ် Bo Bo ချိစ်ကြက်သားလုံး (၁၄၀) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး၊ Daewoo Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၂ ဒသမ ၇၉၈)တန်၊ သစ်မာ (၇ ဒသမ ၄၇၂)တန်နှင့် အခြားသစ် (၈ ဒသမ ၆၄၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၈၁၇၉၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၇၆၁၇၉၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၆ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်တို့အတွင်း၌ အခြားသစ်(၂၅ ဒသမ ၃၅၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၈၉၇၅၃)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၇ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ယူအေအီးနိုင်ငံထုတ် Borouge Plastic Resin (၂၅)ကီလိုဂရမ် (၂၈၀)အိတ်၊ ထိုင်းနိုင်ငံထုတ် Encore ကားတာယာ (၁၂၀)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၆၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး၊ Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၄၆၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၇ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း Ass Roller (၁၂၆၀) ကီလိုဂရမ်နှင့် GST Turbocharger (၁၅၀)ခု အပါအဝင် ကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၀၁၂၈၅) ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Pigments Timbasol ဆိုးဆေး (၆၀)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၄၂၂၈၅)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၇ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်နှင့် ဥတ္တရသီရိခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၃ ဒသမ ၆၈၈)တန်၊ အခြားသစ် (၁ ဒသမ ၃၅၂)တန်၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၁၇၂၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၇ ရက်**တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့နယ် ပိန္နဲကုန်းကျေးရွာ၊ မော်လမြိုင် - ကျိုက်မရောသွားလမ်းမကြီးဘေး၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Lactasoy ပဲနို့ (၅၄၀၀)ဘူး အပါအဝင် ကုန်ပစ္စည်း(၃)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၇ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့၊ မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီးနှင့် Mitsubishi Outlander မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)နှင့် မကွေးမြို့၊ ဧရာဝတီတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ်၊ မင်းဘူး-ပဒါန်း ကားလမ်း မိုင်တိုင်အမှတ် (၁၃/၅)နှင့် (၁၃/၆) ကြား၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင်ရေနံစိမ်း(၆၀)ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀) နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ Honda CRV မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၁၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၈ ရက်**တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် နမ္မတီးမြို့၊ ကံလှကျေးရွာ၊ ရေအေးချောင်းတံတားအနီး၌ နမ္မတီးမြို့မှ မရမ်ကထောင်ကျေးရွာသို့ မောင်းနှင်လာသော မော်တော်ယာဉ် (၃)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် (၃၃၀၄၀)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယမ်းဖောင်အမျိုးအစားမော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၀၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေလ ၅ ရက်၊ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၈၄၁၅၅၄)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်  မေ  ၉

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် မေလ ၈ ရက် ည ၆ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် ပြည့်ဖြိုးပိုင်ဇော်(ခ)ဖိုးပြည့်မောင်းနှင်ပြီး သန်းထိုက်စိုး(ခ)မဲ့တစ်ပေါက်လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၃ နာရီတွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ဆီနော်(၂)ကျေးရွာရှိ အင်းပင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည့်ဖြိုးပိုင်ဇော်(ခ) ဖိုးပြည့်နှင့် သန်းထိုက်စိုး(ခ)မဲ့တစ်ပေါက်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄ ̊ C | / | ၃၇.၅ ̊ C |
| ရန်ကုန် | ၂၄ ̊ C | / | ၃၉.၀ ̊ C |
| မန္တလေး | ၂၈ ̊ C | / | ၄၀.၀ ̊ C |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အပိုးတန်ရေချိုကို
ချွေတာကြပါစို့

ပညာရေးဝန်ကြီးဌာန

ပညာ

၂၀၂၄-၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ်

၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

နေပြည်တော် မေ ၉

# ကျောက်ဆည်ရှိ နည်းပညာတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ဇီဝနည်းပညာသုတေသနဦးစီးဌာနများ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့ မွန်းလွဲပိုင်းက နည်းပညာတက္ကသိုလ် (ကျောက်ဆည်)သို့ရောက်ရှိပြီး ဈူကလီးယားအင်ဂျင်နီယာဌာနရှိ လက်တွေ့ခန်းများတွင် ကျောင်းသားများသုတေသနဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။



ယင်းနောက် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက **ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ Moscow Engineering Physics Institute အပါအဝင် MoU ရေးထိုးထားသည့် မိတ်ဖက်တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရန်၊ နိုင်ငံတကာနည်းပညာပြိုင်ပွဲများတွင် ကျောင်းသားများယှဉ်ပြိုင်မှုများကို အားပေးမြှင့်တင်ရန်** တိုက်တွန်းမှာကြားပြီး တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းသားများကို သုတေသနထူးချွန်ဆုများပေးအပ်ချီးမြှင့်ပြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီစွာ လုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)သို့ ရောက်ရှိပြီးဝန်ထမ်းများ၊ ကျောင်းသား၊ကျောင်းသူများနှင့်တွေ့ဆုံ၍ **ဒေသလိုအပ်ချက်နှင့်အညီ သင်တန်းများကို အရည်အသွေး ပြည့်မီစွာဖွင့်လှစ်ရန်၊ ပညာရည်ပြည့်ဝပြီး ကျင့်ဝတ်ကို လေးစားလိုက်နာသည့် လူငယ်ပညာရှင်များ ပေါ်ထွန်းလာရေး စနစ်တကျကြိုးပမ်းဆောင်ရွက်ရန်** တိုက်တွန်းပြောကြားကာ အင်ဂျင်နီယာဌာနများတွင် သုတေသနပရောဂျက်များ ဆောင်ရွက်နေသော ကျောင်းသားများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဇီဝနည်းပညာသုတေသနဦးစီးဌာနသို့ရောက်ရှိပြီး တာဝန်ရှိသူများအား **သုတေသနရလဒ်များကို MSME လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အသုံးချနိုင်ရေးဆက်စပ်ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကျေးလက်နေပြည်သူများကို ဇီဝနည်းပညာအသိပညာပေးမှုများကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ရန်**မှာကြားပြီး လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဆေးပညာဆိုင်ရာဇီဝနည်းပညာဌာနရှိဆေးပညာဆိုင်ရာဓာတ်ခွဲခန်းကို **Biosafety Level 2 (BSL-2)**အထိ အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆေးဖက်ဝင်အပင်များမှ ဆေးအဆီထုတ်ယူနေမှု၊ Mycology Labနှင့် Environmental Lab တို့မှ Waste Water Treatmentနှင့် ပတ်သက်၍ ချည်ဆိုးဆေးအရောင်လျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုလျော့နည်းစေရေးဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန် မေ ၉

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အိမ်ရာစီမံကိန်းများအား ဒုတိယဝန်ကြီးဦးဝင်းဖေ ကြည့်ရှုစစ်ဆေး



ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ပြည်တွင်းလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့်အိမ်ရာစီမံကိန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ်ရှိ မင်္ဂလာရိပ်သာအိမ်ရာစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက အိမ်ရာစီမံကိန်းနှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အိမ်ရာစီမံကိန်းများကိုသတ်မှတ်ကာလအတွင်း အမြန်ပြီးပြတ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်၊ မိမိတို့ ဝန်ကြီးဌာနသည် နိုင်ငံပိုင်မြေပေါ်တွင် နိုင်ငံတော်ကိုယ်စားစီမံခန့်ခွဲခြင်းဖြစ်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ စီမံကိန်းဧရိယာအတွင်း ကျူးကျော်များဝင်ရောက်မှုမရှိစေရေး၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများတွင် အကျိုးအမြတ်ခွဲဝေရာ၌ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အချိုးအတိုင်း အပြည့်အဝရရှိနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားပြီး အိမ်ရာစီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်ရှိ ၁၆ ခန်းတွဲ ၁၂ ထပ် ခေမာသီအိမ်ရာစီမံကိန်းနှင့်ရန်ကင်းမြို့နယ်ရှိ Yankin Mixed Use အဆင့်မြင့်အိမ်ရာစီမံကိန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code-2024) အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက Myanmar National Building Code-2020 နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၀ တို့ကို လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်၍ Myanmar National Building Code-2024 နှင့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၄အနေဖြင့် ထုတ်ဝေနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ရေးဦးစီးကော်မတီနှင့်အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံ၊ လမ်း၊ တံတား၊ လေယာဉ်ကွင်းတည်ဆောက်ရေးနှင့် ဆောက်လုပ်ရေးပစ္စည်းများ စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ပူးပေါင်း၍ မြန်မာစံချိန်စံညွှန်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်သော Cement, Deformed Bar, Bitumen တို့၏ MMS စံချိန်စံညွှန်းများအား ထည့်သွင်းရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အာဆီယံတွင် ဆွေးနွေးနေဆဲဖြစ်သော Harmonized Standards များအား ထည့်သွင်းနိုင်ရေးကြိုတင်လေ့လာဆွေးနွေးသွားရန် လိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများပူးပေါင်းဆွေးနွေးညှိနှိုင်းပြီး Myanmar National Building Code - 2024 အချိန်မီထွက်ရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်မြမြဝင်းက (Myanmar National Building Code) သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌေးနှင့် တက်ရောက်လာသည့် လုပ်ငန်းကော်မတီဝင်များက အကြံပြုဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်းပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

နေပြည်တော် မေ ၉

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက သွားရောက်ဖူးမြော်အားပေးစကားလျှောက်ထားစဉ်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၁ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးပြီး ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ဖူးမြော်အားပေးစကားလျှောက်ထားပြီး ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် မေ ၉

# ၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့်အားကစားသင်တန်းဆင်းပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်ပြီး စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံစာတတ်မြောက်ရေးစာသင်ဝိုင်းများ လှည့်လည်ကြည့်ရှုအားပေး

၂၀၂၄ ခုနှစ် နွေရာသီအဆင့်မြင့် အားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အားကစားရုံ၌ ကျင်းပရာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌက နွေရာသီအဆင့်မြင့် အားကစားသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် မြန်မာ့အားကစားအဆင့်အတန်းတိုးတက်ရေးအတွက် အခြေခံကျသော ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ ပြုစုပျိုးထောင်ပေးနိုင်ခြင်း၊ နွေရာသီအားလပ်ရက်များကို အကျိုးရှိစွာအသုံးချနိုင်ခြင်း၊ အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာသန်စွမ်းသောမျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာခြင်း၊ အခြေခံမှသည် နိုင်ငံ့ဂုဏ်ဆောင်နိုင်သည်အထိ ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွန်းလာစေမည်ဖြစ်ကြောင်း၊ အားကစားနှင့် ပညာရေးအချိုးညီစွာ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသားလူငယ်များ အားကစားလှုပ်ရှားမှုများတွင် စိတ်ပါဝင်စားမှု၊ ပူးပေါင်းဆောင်ရွက်မှုမြင့်တက်လာစေပြီး ဗလငါးတန်ဖွံ့ဖြိုးမှုတို့ကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များအားလုံး မိမိကိုယ်ကို ယုံကြည်သည့်စိတ်၊ ခိုင်မာသည့်စိတ်ဓာတ်နှင့် မိမိရည်မှန်းချက်ကို အောင်မြင်အောင် ကြိုးစားကြစေလိုကြောင်း၊ နွေရာသီအဆင့်မြင့်အားကစားသင်တန်းများမှတစ်ဆင့် နေပြည်တော်၏ဂုဏ်၊ နိုင်ငံ့၏ဂုဏ်ကိုဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်လာအောင် စွမ်းစွမ်းတမံဆက်လက်ကြိုးစားလေ့ကျင့်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေရာသီအဆင့်မြင့်များပစ်သင်တန်းမှ သင်တန်းသား၊ သင်တန်းသူများ လက်ရည်စစ်ပြိုင်ပွဲပြုလုပ်မှုကို ကြည့်ရှုအားပေးပြီး သင်တန်းနည်းပြဆရာများ၊ မြားပစ်လက်ရည်စစ်ပြိုင်ပွဲတွင် ဆုရရှိသည့် သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုများနှင့် သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် နွေရာသီအဆင့်မြင့် အားကစားသင်တန်းကို ဧပြီလ ၂၅ ရက်မှ မေလ ၉ ရက်အထိ အားကစားနည်း(၁၁)နည်းကို သင်တန်းသား၊ သင်တန်းသူ ၈၉၀ တို့ကို သင်တန်းကာလ ၁၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် သုတမင်္ဂလာစာကြည့်တိုက်သို့သွားရောက်၍ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများစာဖတ်သည့်အလေ့အထများဖြစ်စေရေး၊ အသိပညာ၊ အတတ်ပညာ ဗဟုသုတပြည့်စုံစေရေး၊ စာအုပ်များစနစ်တကျထားရှိရေး၊ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက သုတမင်္ဂလာစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရန်အောင်မြင်ကျေးရွာရှိ မြတ်ဆုမွန်စာကြည့်တိုက်သို့ ရောက်ရှိကာ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ခင်းကျင်းထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တာဝန်ရှိသူများနှင့်အတူ ရန်အောင်မြင်ကျေးရွာအုပ်စု တပ်ပိုးကျေးရွာ အခြေခံစာတတ်မြောက်ရေး စာဖတ်ဝိုင်းနှင့် လယ်ဝေးမြို့နယ် အမှတ်(၅)ရပ်ကွက်၊ အင်တိုင်းသာအခြေခံပညာမူလတန်းကျောင်း အခြေခံစာတတ်မြောက်ရေး စာဖတ်ဝိုင်းအမှတ်(၆)သို့သွားရောက်၍ စာသင်သားများကို အခြေခံမြန်မာစာ၊ အခြေခံသင်္ချာဘာသာရပ်များ သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စာအုပ်စာစောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော် မေ ၉

# ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက ခိုလမ်မြို့ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း (၄)ခန်းတွဲ (၆)ထပ် အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုများအား လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။**(၁၀၀)**



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်စဉ်။

နေပြည်တော် မေ ၉

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

(မိုး/ဇလ)

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၅၆)ကျောင်းနှင့် အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၂၉)ကျောင်းတို့တွင်လျှောက်ထားနိုင်ပါသည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၅၆)ကျောင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | အထက(၂)မိုးညှင်း | |
| ၂ | ကရင်ပြည်နယ် | အထက(၂)ကော့ကရိတ် | |
| ၃ | ချင်းပြည်နယ် | အထက(၂)ဟားခါး | အထက(၁)ပလက်ဝ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | အထက(၁)ရွှေဘို | အထက-အုန်းတော |
| ၅ | ပဲခူးတိုင်းဒေသကြီး | အထက-အုန်းနဲ့ | အထက-အေးမြသာယာ |
| | | အထက-ပဲနွယ်ကုန်း | အထက-သဲကုန်း |
| ၆ | မကွေးတိုင်းဒေသကြီး | အထက-စကု | အထက-ပြလို့ |
| | | အထက(၁)သရက် | အထက-ငွေးချို |
| ၇ | မန္တလေးတိုင်းဒေသကြီး | အထက(၁)ပျော်ဘွယ် | အထက-လက်ပံပြား |
| | | အထက-ရွှေပြည် | အထက-ပလစ(၂)(အမရပူရ) |
| | | အထက-တံတားဦး | အထက(ခွဲ)လ-၁(ပြင်ဦးလွင်) |
| ၈ | မွန်ပြည်နယ် | အထက-ဟံဂံ | အထက(၁)သထုံ |
| | | အထက(၂)ကျိုက်ထို | |
| ၉ | ရခိုင်ပြည်နယ် | အထက(၂)သံတွဲ | အထက(၁)အမ်း |
| | | အထက(၃)ကျောက်ဖြူ | အထက(၁)တောင်ကုတ် |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | အထက-စိုက်မွေး | အထက-ညောင်နှစ်ပင် |
| | | အထက-ငါးဆူတောင်၊ | အထက-တိုက်ကြီး |
| | | အထက(၄)မင်္ဂလာဒုံ | အထက-သုဝဏ္ဏ |
| | | အထက(၂)သာကေတ | အထက-ဖားကူး(သန်လျင်) |
| | | အထက(၆)မြောက်ဥက္ကလာ | |
| ၁၁ | ရှမ်းပြည်နယ်(မြောက်) | အထက(၃)ကျောက်မဲ | |
| ၁၂ | ရှမ်းပြည်နယ်(တောင်) | အထက-ဝမ်ဟတ် | အထက(၇)အင်းခေါင်း |
| | | အထက(ခွဲ)လေတပ်(နမ့်စန်-တ) | |
| ၁၃ | ရှမ်းပြည်နယ်(ရှေ့) | အလက-တပ်တွင်း(မိုင်းယောင်း) | အထက(ခွဲ)အလက(၂)(မိုင်းဆတ်) |
| | | အထက-နားကောင်းမူး(မိုင်းတုံ)၊ | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | အထက (၁)ဒေးဒရဲ | အထက-ချင်းမြောင် |
| | | အထက(၂)ကျုံပျော် | အထက-ဂုန်နီ |
| | | အထက(၃)မိုင်(လပွတ္တာ) | |
| ၁၅ | နေပြည်တော် | အထက(၂၀)ပုဗ္ဗသီရိ | အထက-ပျံချီ |
| | | အထက-MRTV(တပ်ကုန်း) | |
| ၁၆ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | | |
| | ပအိုဝ့် | အထက(ခွဲ)ပေါင်လင်း | |
| | ပလောင် | အထက-မန်တုံ | |
| | ကိုးကန့် | အထက(၂)လောက်ကိုင် | |
| | ဓနု | အထက-ကျုံး | |
| | နာဂ | အထက-နန်းယွန်း | |

အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၂၉)ကျောင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | အထက(၁)ဝိုင်းမော် | အထက(၁)ဗန်းမော် |
| | | အထက-ဒုတ္တန် | |
| ၂ | ကယားပြည်နယ် | အထက-ချီကယ် | |
| ၃ | ကရင်ပြည်နယ် | အထက-ဒုံရင်း | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | အထက(၂)အလုံ | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | အထက-သမုတ် | အထက(၂)ကော့သောင်း |
| | | အထက(၄)ထားဝယ် | |
| ၆ | ပဲခူးတိုင်းဒေသကြီး | အထက-ညောင်ခြေထောက် | အထက-ရွှေတောင် |
| ၇ | မကွေးတိုင်းဒေသကြီး | အထက-မြေပြင်သာ | |
| ၈ | မန္တလေးတိုင်းဒေသကြီး | အထက(၆)မိတ္ထီလာ | အထက-မြစ်သား |
| | | အထက(၂၇)ပြည်ကြီးတံခွန် | အထက(၃)မြင်းခြံ |
| ၉ | မွန်ပြည်နယ် | အထက-ရွာလွတ်(ချောင်းဆုံ) | |
| ၁၀ | ရခိုင်ပြည်နယ် | အထက(၁)စစ်တွေ | |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး | အထက-သဝန်းတော | အထက(၇)အင်းစိန် |
| ၁၂ | ရှမ်းပြည်နယ်(မြောက်) | အထက(၁)လားရှိုး | |
| ၁၃ | ရှမ်းပြည်နယ်(တောင်) | အထက(၁)အေးသာယာ | အထက(၁)ပင်လုံ |
| ၁၄ | ရှမ်းပြည်နယ်(ရှေ့) | အထက-ဝမ်အွယ် | |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | အထက-စကွေ့ | အထက-ကန်ကြီးထောင့် |
| | | အထက-နတ်မော်(ဟင်္သာတ) | |
| ၁၆ | နေပြည်တော် | အထက(၁)ပျဉ်းမနား | |
| ၁၇ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | အထက-လဟယ် | |

အောက်ဖော်ပြပါသင်တန်းသားသစ်များခေါ်ယူမည်ဖြစ်ပါသည်-

၂။ လျှောက်ထားသူသည်
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များ၏ လက်တွေ့လုပ်ငန်းများအားဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (ခ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။
- (ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။
- (ဃ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade 10 အောင်မြင်သူများ(သို့မဟုတ်)ကျရှုံးသူများ(သို့မဟုတ်)ရပ်နားထားသူဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ်မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ စိုက်ပျိုးရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ/အစိုးရစက်မှုလက်မှုသိပ္ပံ (Farm Machinery)ပထမနှစ်သင်တန်းများသို့လည်းကောင်း၊ အထူးအောင်ဖြင့်အောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပထမနှစ်သင်တန်းသို့လည်းကောင်း၊ မွေးမြူရေးအတတ်ပညာ(၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ/ငါးလုပ်ငန်းသိပ္ပံကျောင်းများ၏ ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့်ပုံနှိပ်စာအုပ်များ ပေးအပ်မည့် အစီအစဉ်ရှိပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
- (က) စိုက်ပျိုးရေးသင်တန်း
- (ခ) မွေးမြူရေးသင်တန်း

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် ၁၀-၅-၂၀၂၄ ရက်မှစတင်ထုတ်ယူနိုင်ပြီး ၁၉-၅-၂၀၂၄ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများ၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇-၃၄၁၀၂၉၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်(တင်ဒါအမှတ်-၁)
## လမ်းဦးစီးဌာန၊ သံတွဲခရိုင်

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ သံတွဲခရိုင်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက်လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံ၊ သဲ၊ သစ်၊ ဘိလပ်မြေ၊ သံချောင်း၊ ဒီဇယ်ဆီ၊ စက်ငှားရမ်းခ၊ ကတ္တရာ စသည့်ပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၂၃-၅-၂၀၂၄) ရုံးချိန်အတွင်း |
| (ခ) | တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - | (၂၉-၅-၂၀၂၄) မွန်းတည့်(၁၂:၀၀)နာရီ |
| (ဂ) | တင်ဒါဖွင့်မည့်ရက်/အချိန် | - | (၃၀-၅-၂၀၂၄) နံနက်(၁၀:၀၀)နာရီ |
| (ဃ) | တင်ဒါဖွင့်မည့်နေရာ | - | လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး သံတွဲမြို့ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို သံတွဲခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၉-၄၂၁၇၃၀၃၈၁ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၄-၂၀၂၅)ခု၊ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သောဆေးဝါးများ၊ ဓာတ်ခွဲခန်းနှင့်ဓာတ်မှန်ခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ၊ Basic Comsumableများ(FDA Registration အနည်းဆုံးတစ်နှစ်သက်တမ်းရှိပြီးဖြစ်သော၊ DRC သက်တမ်းအနည်းဆုံး(၃)လအထက်ကျန်သော၊ Shelf Life ၏ လေးပုံသုံးပုံသက်တမ်းရှိသော)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံး(လမ်း ၇၀၊ ၂၇ × ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်)သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | - | (၁၄-၅-၂၀၂၄)ရက်၊ အင်္ဂါနေ့။ |
| | တင်ဒါပိတ်သိမ်းမည့် နေ့ရက်နှင့်အချိန် | - | (၂၇-၅-၂၀၂၄)ရက်၊ တနင်္လာနေ့။ ညနေ(၄:၀၀)နာရီ။ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**




## ပျောက်ဆုံးကြောင်း

ကုန်ကြမ်းမြို့၊ ရပ်ကွက်(၁)နေ မလျှုကျောက်မိန်း(ဘ)ဦးလူလောက်ဖူး ၁၃/ကကန(နိုင်)၀၀၄၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၉၆၄၂၅၅**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မကျီးပင်ကျေးရွာနေ မောင်မျိုးမင်းသူ(ဘ)ဦးမြင့်သန်း ၉/ပဘန(နိုင်)၂၂၈၈၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၅၆၄၄၅၆၅၆**

# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၅၆)ကျောင်းနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(၃၅)ကျောင်းတို့တွင် လျှောက်ထားနိုင်ပါသည်။

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(၅၆)ကျောင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | အထက(၂)မိုးညှင်း | |
| ၂ | ကရင်ပြည်နယ် | အထက(၂)ကော့ကရိတ် | |
| ၃ | ချင်းပြည်နယ် | အထက(၂)ဟားခါး | အထက(၁)ပလက်ဝ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | အထက(၁)ရွှေဘို | အထက-အုန်းတော |
| ၅ | ပဲခူးတိုင်းဒေသကြီး | အထက-အုန်းနဲ့ | အထက-အေးမြသာယာ |
| | | အထက-ပဲနွယ်ကုန်း | အထက-သဲကုန်း |
| ၆ | မကွေးတိုင်းဒေသကြီး | အထက-စကု | အထက-ပြလို့ |
| | | အထက(၁)သရက် | အထက-ငွေးချို |
| ၇ | မန္တလေးတိုင်းဒေသကြီး | အထက(၁)ပျော်ဘွယ် | အထက-လက်ပံပြား |
| | | အထက-ရွှေပြည် | အထက-ပလစ(၂)(အမရပူရ) |
| | | အထက-တံတားဦး | အထက(ခွဲ)လ-၁(ပြင်ဦးလွင်) |
| ၈ | မွန်ပြည်နယ် | အထက-ဟံဂံ | အထက(၁)သထုံ |
| | | အထက(၂)ကျိုက်ထို | |
| ၉ | ရခိုင်ပြည်နယ် | အထက(၂)သံတွဲ | အထက(၁)အမ်း |
| | | အထက(၃)ကျောက်ဖြူ | အထက(၁)တောင်ကုတ် |
| ၁၀ | ရန်ကုန်တိုင်းဒေသကြီး | အထက-စိုက်မွေး | အထက-ညောင်နှစ်ပင် |
| | | အထက-ငါးဆူတောင် | အထက-တိုက်ကြီး |
| | | အထက(၄)မင်္ဂလာဒုံ | အထက-သုဝဏ္ဏ |
| | | အထက(၂)သာကေတ | အထက-ဖားကူး(သန်လျင်) |
| | | အထက(၆)မြောက်ဥက္ကလာ | |
| ၁၁ | ရှမ်းပြည်နယ်(မြောက်) | အထက(၃)ကျောက်မဲ | |
| ၁၂ | ရှမ်းပြည်နယ်(တောင်) | အထက-ဝမ်ဟတ် | အထက(၇)အင်းခေါင်း |
| | | အထက(ခွဲ)လေတပ်(နမ့်စန်-တ) | |
| ၁၃ | ရှမ်းပြည်နယ်(ရှေ့) | အလက-တပ်တွင်း(မိုင်းယောင်း) | အထက(ခွဲ)အလက(၂)(မိုင်းဆတ်) |
| | | အထက-နားကောင်းမူး(မိုင်းတုံ) | |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | အထက(၁)ဒေးဒရဲ | အထက-ချင်းမြောင် |
| | | အထက(၂)ကျုံပျော် | အထက-ဂုန်နီ |
| | | အထက(၃)မိုင် (လပွတ္တာ) | |
| ၁၅ | နေပြည်တော် | အထက(၂၀)ပုဗ္ဗသီရိ | အထက-ပျံချီ |
| | | အထက- MRTV (တပ်ကုန်း) | |
| ၁၆ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | | |
| | ပအိုဝ့် | အထက(ခွဲ)ပေါင်လင်း | |
| | ပလောင် | အထက-မန်တုံ | |
| | ကိုးကန့် | အထက(၂)လောက်ကိုင် | |
| | ဓနု | အထက-ကျုံး | |
| | နာဂ | အထက-နန်းယွန်း | |

အစိုးရနည်းပညာအထက်တန်းကျောင်း(၃၅)ကျောင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ဖွင့်လှစ်မည့်ကျောင်းများ | |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဗန်းမော်) |
| | | အစိုးရနည်းပညာအထက်တန်းကျောင်း(ပူတာအို) | |
| ၂ | ကယားပြည်နယ် | အစိုးရနည်းပညာအထက်တန်းကျောင်း(လွိုင်ကော်) | |
| ၃ | ကရင်ပြည်နယ် | အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ) | |
| ၄ | ချင်းပြည်နယ် | အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်) | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | အစိုးရနည်းပညာအထက်တန်းကျောင်း(မုံရွာ) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး) |
| | | အစိုးရနည်းပညာအထက်တန်းကျောင်း(ချောင်းဦး) | အစိုးရနည်းပညာအထက်တန်းကျောင်း(ခန္တီး) |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | အစိုးရနည်းပညာအထက်တန်းကျောင်း(ထားဝယ်) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြိတ်) |
| | | အစိုးရနည်းပညာအထက်တန်းကျောင်း(ကော့သောင်း) | |
| ၇ | ပဲခူးတိုင်းဒေသကြီး | အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ငူ) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပြည်) |
| ၈ | မကွေးတိုင်းဒေသကြီး | အစိုးရနည်းပညာအထက်တန်းကျောင်း(မကွေး) | အစိုးရနည်းပညာအထက်တန်းကျောင်း(ပခုက္ကူ) |
| ၉ | မန္တလေးတိုင်းဒေသကြီး | အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်) |
| | | အစိုးရနည်းပညာအထက်တန်းကျောင်း(မိတ္ထီလာ) | အစိုးရနည်းပညာအထက်တန်းကျောင်း(မြင်းခြံ) |
| ၁၀ | မွန်ပြည်နယ် | အစိုးရနည်းပညာအထက်တန်းကျောင်း(မော်လမြိုင်) | |
| ၁၁ | ရခိုင်ပြည်နယ် | အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ) | အစိုးရနည်းပညာအထက်တန်းကျောင်း(လက်ခုပ်ကုန်း) |
| ၁၃ | ရှမ်းပြည်နယ်(မြောက်) | အစိုးရနည်းပညာအထက်တန်းကျောင်း(လားရှိုး) | |
| ၁၄ | ရှမ်းပြည်နယ်(တောင်) | အစိုးရနည်းပညာအထက်တန်းကျောင်း(တောင်ကြီး) | အစိုးရနည်းပညာအထက်တန်းကျောင်း (ပင်လုံ) |
| | | အစိုးရနည်းပညာအထက်တန်းကျောင်း(ပင်းပက်) | |
| ၁၅ | ရှမ်းပြည်နယ်(ရှေ့) | အစိုးရနည်းပညာအထက်တန်းကျောင်း(ကျိုင်းတုံ) | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်) | အစိုးရနည်းပညာအထက်တန်းကျောင်း(ဟင်္သာတ) |
| | | အစိုးရနည်းပညာအထက်တန်းကျောင်း(မအူပင်) | |
| ၁၇ | နေပြည်တော် | အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်) | |
| ၁၈ | နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | အစိုးရနည်းပညာအထက်တန်းကျောင်း(လဟယ်) | |

အောက်ဖော်ပြပါသင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်

(က) နည်းပညာနှင့် သက်မွေးပညာလုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

(ခ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။

(ဂ) ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အခြေခံပညာအလယ်တန်းအဆင့်(Grade 9)အောင်မြင်သူဖြစ်ရမည်။

(ဃ) ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် Grade 10 အောင်မြင်သူများ(သို့မဟုတ်)ကျရှုံးသူများ(သို့မဟုတ်)ရပ်နားထားသူများ ဖြစ်ရမည်။

၃။ သင်တန်းသားရွေးချယ်ရာတွင် အပိုဒ်(၂) (ခ)၊ (ဂ)၊ (ဃ)ပါ အစီအစဉ်အလိုက် သတ်မှတ်ဦးရေပေါ် မူတည်၍ ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။

၄။ (၃)နှစ်သင်တန်းတွင် အဆင့်မီဖြင့်အောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့လည်းကောင်း၊ အထူးအောင်ဖြင့် အောင်မြင်ပါက B.Tech ပထမနှစ်သင်တန်းနှင့် BE ပထမနှစ်သင်တန်းသို့လည်းကောင်း သက်ဆိုင်ရာကျောင်းများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၅။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်မည်ဖြစ်ပြီး သင်ကြားသင်ယူမှုအတွက် လိုအပ်သည့်ပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် ခရိုင်တူအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း(Building Technology)

(ခ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဂ) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း(Machining Technology)

၇။ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် အောက်ပါသင်တန်းများကိုဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အဦနည်းပညာသင်တန်း(Building Technology)

(ခ) အီလက်ထရောနစ်နည်းပညာသင်တန်း(Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Automotive Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း(Machining Technology)

(စ) အဆောက်အဦပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း(Building Service Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း(Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၈။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၁၀-၅-၂၀၂၄ ရက်မှစတင်ထုတ်ယူနိုင်ပြီး ၁၉-၅-၂၀၂၄ ရက် နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့်ကျောင်းများသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၉။ အသေးစိတ်သိရှိလိုပါက အပိုဒ်(၁)ပါ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သင်တန်းရေးရာဌာနခွဲ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရုံးချုပ်)၊ ၀၆၇- ၃၄၀၄၃၉၀၊ ၀၆၇-၃၄၀၄၁၈၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးတင်လှ**
**မကွေးတိုင်းကောင်စီအဖွဲ့ဝင်(ငြိမ်း)နှင့်တိုင်းတရားသူကြီး(ငြိမ်း)**
**အသက်(၈၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာနေ အဘ(ဦးသီး)နှင့် အမိ(ဒေါ်ဘီ)တို့၏သား၊ (ဒေါ်သန်းရှင်)၏ခင်ပွန်း၊ ဦးသန်းဦးလွင်(ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်)-ဒေါ်ဝင်းသီတာ(ဒေါ်ဝါဝါ)၊ ဦးခင်ဇော်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)-ဒေါ်စန္ဒာတင်(ဒေါ်ပြုံးပြုံး)၊ ဦးမြတ်ခိုင်၊ အရှင်ဦးနန္ဒဝံသတို့၏ဖခင် ဦးတင်လှသည် ၉-၅-၂၀၂၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ(၁၃း၃၀)နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၂၄ ရက်(စနေနေ့)နံနက်(၁၀း၀၀)နာရီတွင် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)နေပြည်တော်ငြိမ်းအေးဇရပ်မှ နေပြည်တော်စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးတင်လှ**
**မကွေးတိုင်းကောင်စီအဖွဲ့ဝင်(ငြိမ်း)နှင့်တိုင်းတရားသူကြီး(ငြိမ်း)**
**အသက်(၈၅)နှစ်**

ဦးခင်ဇော်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)-ဒေါ်စန္ဒာတင်(ဒေါ်ပြုံးပြုံး)တို့၏ဖခင် ဦးတင်လှသည် ၉-၅-၂၀၂၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်ဇနီး ဒေါ်မိုးစန္ဒာဝင်း**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
**ဦးတင်လှ**
**မကွေးတိုင်းကောင်စီအဖွဲ့ဝင်(ငြိမ်း)နှင့်တိုင်းတရားသူကြီး(ငြိမ်း)**
**အသက်(၈၅)နှစ်**

ဦးခင်ဇော်(ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်)-ဒေါ်စန္ဒာတင်(ဒေါ်ပြုံးပြုံး)တို့၏ဖခင် ဦးတင်လှသည် ၉-၅-၂၀၂၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်ဇော်လွင်ဦးနှင့်ဇနီး ဒေါ်ယုယုလွင်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့်လုပ်ငန်း

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ရန်ကုန်တိုင်းဒေသကြီး၊ ဆူးလေဆိပ်ခံတံတားအမှတ်(၁)၊ (၂)နှင့်(၃)တို့ရှိ Vertical Fender Line စုစုပေါင်း (၆၇)လိုင်းအား Rubber Fender များအသစ်တပ်ဆင်ခြင်းလုပ်ငန်း။ | ၁ | Lot(1) |
| (ခ) | ရန်ကုန်ဆိပ်ကမ်း၊ ပန်းဆိုးတန်းဒလခရီးသည်နားနေဆောင်(ရန်ကုန်ဘက်ခြမ်း)တည်ရှိရာ မြစ်ကမ်းဘေးရှိ ကမ်းထိန်းနံရံပျက်စီးမှုအားပြုပြင်ခြင်းလုပ်ငန်း။(၂၂၀') | ၁ | Lot(2) |
| (ဂ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၁၂၀' × ၂၀' × ၆' - ၆" အရွယ် ဆိပ်ခံဗော(၂)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot(3) |

၃။ တင်ဒါပုံစံဝယ်ယူနိုင်သည့်နေ့ရက်နှင့်အချိန် - ၁၀-၅-၂၀၂၄ ရက်နေ့မှ ၁၆-၅-၂၀၂၄ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၄-၅-၂၀၂၄(သောကြာနေ့)၊ ၁၃း၀၀နာရီ

၅။ တင်ဒါပုံစံတန်ဖိုး - Lot-1 ကျပ် ၈၅,၀၀၀/-၊ Lot-2 ကျပ် ၅၂,၀၀၀/-၊ Lot-3 ကျပ် ၂၈,၀၀၀/-

၆။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၅၀၃၀၁၉၀၊ ၀၉-၂၅၄၂၈၅၈၇၂၊ ၀၉-၄၃၀၃၉၈၁၆ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်အတွက် XDCMA Video Camera PXW-Z(280) အမျိုးအစားနှင့် ဆက်စပ်ပစ္စည်း(၁)စုံ ဝယ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) တင်ဒါပုံစံ စတင်ရောင်းချမည့်နေ့ရက် - ၁၃-၅-၂၀၂၄ ရက်

(ခ) တင်ဒါပုံစံ ရောင်းချမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား

(ဂ) တင်ဒါနောက်ဆုံး တင်သွင်းရန်နေ့ရက်နှင့်အချိန် - ၂၀-၅-၂၀၂၄ ရက် ညနေ(၄း၃၀)နာရီ

(ဃ) တင်ဒါတင်သွင်းရမည့်နေရာ - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား လမ်း ၇၀ နှင့် ၇၁ လမ်းကြား

(င) တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန် - ၂၄-၅-၂၀၂၄ နံနက်(၀၉း၃၀)နာရီ

(စ) တင်ဒါရွေးချယ်မည့်နေရာ - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ

(ဆ) တင်ဒါလျှောက်လွှာ တစ်စုံရောင်းချဈေးနှုန်း - ၂၀၀၀/-ကျပ်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉-၇၉၂၀၂၁၆၃၂၊ ၀၉-၄၀၂၀၂၁၆၃၂ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန**

**အမည်ပြောင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ အဘ ဦးသာထက်၏သမီးဖြစ်သူ မချစ်ထက်သံစဉ်(ခ)anika အား မသင်းရတီစံ(ခ)anisha ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသင်းရတီစံ(ခ)anisha**

**ပျောက်ဆုံးကြောင်း**

ဂွမ်ရိန်ခေါ်(ဘ)ဦးဂွမ်ရိန်တန် ၁/ပတအ(နိုင်)၀၁၈၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 909706)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

**ပျောက်ဆုံးကြောင်း**

ကျော်မျိုးသူ(ဘ)ဦးမျိုးဝင်း ၇/ပခန(နိုင်)၂၉၃၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

မနော်ဟာရီလမ်း၊ အမှတ်(၅)၊ မြဝတီမြို့နေ ကျော်စိုးသူ(ဘ)ဦးထွန်းလှိုင် ၃/မဝတ(နိုင်)၀၃၀၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 901415)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၉၅၂၈၂၈၀**

**ပျောက်ဆုံးကြောင်း**

တောရကျောင်းလမ်း၊ အမှတ်(၄)၊ မြဝတီမြို့နေ မေမေခင်(ဘ)ဦးမြင့်လွင် ၃/မဝတ(နိုင်)၀၃၀၆၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 770228)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၉၅၂၈၂၈၀**

**ပျောက်ဆုံးကြောင်း**

လှလှသွယ်(ဘ)ဦးဝင်းညွန့် ၁၂/ဒဂတ(နိုင်)၀၄၈၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 897572)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၈၀၄၁၇၆၈**

**ပျောက်ဆုံးကြောင်း**

မဥမ္မာဝင်း(ဘ)ဦးဝင်း ၇/ဝမန(နိုင်)၁၄၈၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 708230)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်နေ သက်နိုင်အောင်(ဘ)ဦးစန်းလွင် ၁၄/ဒဒရ(နိုင်)၂၀၂၁၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ နယ်မြေ(၁၈)၊ ရပ်ကွက်(၅)နေ ရန်ကျော်ဟွား(ဘ)ဦးရန်တင် ၁၃/လရန(နိုင်)၂၇၅၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၆၀၄၆၇၇၄**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပျဉ်းမနားမြို့၊ ရွှေချိုရပ်ကွက်(၆)လမ်း၊ (၈/၉၄)နေ (ဘ)ဦးဘအောင်၏သမီး ၉/ပမန(နိုင်)၀၂၇၂၁၆ ကိုင်ဆောင်သူ ဒေါ်ဥမ္မာအောင်(ခ) ဒေါ်ခင်မြသိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဥမ္မာအောင်(ခ)ဒေါ်ခင်မြသိန်း**

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# မြန်မာ့မီးရထား
# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၆/မမ/(CME/YUG) | သံရည်ကျိုနှင့် ကုန်ကြမ်းပစ္စည်းများ (၁၆)မျိုးဝယ်ယူရန် |
| ၂ | ၂၇/မမ/(CME/YUG) | သုတ်ဆေးနှင့် အရန်ပစ္စည်း(၅၄)မျိုးဝယ်ယူရန် |
| ၃ | ၂၈/မမ/(CME/YUG) | Research & Development အတွက်လိုအပ်သောစက်ပစ္စည်း(၇)မျိုး ဝယ်ယူရန် |
| ၄ | ၂၉/မမ/(CME/YUG) | စက်ပစ္စည်းကိရိယာ(၅၉)မျိုးဝယ်ယူရန် |
| ၅ | ၃၀/မမ/(CME/ISN) | စက်ပစ္စည်း(၁၉)မျိုးဝယ်ယူရန် |
| ၆ | ၃၁/မမ/(CME/ISN) | စက်ပစ္စည်း(၃၅)မျိုးဝယ်ယူရန် |
| ၇ | 12(T)4/MR/(ML/RBE) | စက်ပစ္စည်း(၁၇)မျိုးဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၄-၅-၂၀၂၄) နေ့လယ်(၂း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၀-၅-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

**ပျောက်ဆုံးကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ သုံးခွအုပ်စု၊ ရွာမနေ မောင်မျိုးမင်းခိုင်(ဘ)ဦးသန်းခိုင် ၁၄/မအပ(နိုင်)၄၀၃၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၇၈၆၆၆၄၄၆**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ နယ်မြေ(၁၉)၊ ရပ်ကွက်(၁၂)နေ နန်းမွေလင်း(ဘ)ဦးအိုက်စိုင်း ၁၃/လရန(နိုင်)၂၁၉၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၄၆၀၀၉၈၇၉**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ နယ်မြေ(၁၆)၊ ရပ်ကွက်(၁၂)နေ မောင်ပိုင်စိုး(ဘ)ဦးမြင့်စိုး ၁၃/လရန(နိုင်)၂၃၅၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၉၆၄၂၅၅**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ နယ်မြေ(၁၇)၊ ရပ်ကွက်(၁၂)နေ မောင်ရန်ကွယ်ယို(ဘ)ဦးရန်ရှင်းခြောက် ၁၃/လရန(နိုင်)၁၉၅၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၃၈၇၈၈၄**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ နယ်မြေ(၁၉)၊ ရပ်ကွက်(၅)နေ မအေးအေးသွယ်(ဘ)ဦးမောင်ကို ၁၃/လရန(နိုင်)၁၁၀၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၂၉၆၄၂၅၅**

**ပျောက်ဆုံးကြောင်း**

လားရှိုးမြို့၊ ဟူးမွန်အုပ်စု၊ ဟူးမွန်ရွာနေ မရန်ရှမ်းလင်(ဘ)ဦးရန်ချောက် ၁၃/လရန(နိုင်)၁၇၆၄၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၄၆၀၀၉၈၇၉**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


SMART P ®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိသည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
Black Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013

❖ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက်မပြတ်တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သောတပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် ကျေးရွာနေဒေသခံပြည်သူ ၃၂ ဦး သေဆုံးကာ ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၉**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆီမီးခုံကျေးရွာ၏ အရှေ့ဘက်ရှိ ဆုံရွာကျေးရွာအား ယနေ့နံနက်ပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး/လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာနေဒေသခံပြည်သူ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၅ ဦး၊ စုစုပေါင်း ၃၂ ဦး သေဆုံးခဲ့ပြီး အမျိုးသား ၅ ဦး၊ အမျိုးသမီး ၉ ဦး၊ စုစုပေါင်း ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

PDF အမည်ခံ အကြမ်းဖက်သမားများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအလွယ်တကူစစ်ကူ/ပစ်ကူ ရောက်ရန်ကန့်သတ်ချက်ရှိသည့် အစွန်အဖျား၊ ကျေးရွာ/ရပ်ကွက်အုပ်စုများသို့ အကြောက်တရားဖြစ်ပေါ်စေရေး လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်၊ စာသင်ကျောင်းနှင့် ဘာသာရေးအဆောက်အဦ

**စာမျက်နှာ ၂၂ ကော်လံ ၁ ⏭**



မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့် နေအိမ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များအတွက် အလှူငွေနှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်**

စာ - ၂၂ သို့

**PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်၊ ဆုံရွာကျေးရွာအား လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၃၂ ဦးသေဆုံးကာ ၁၄ ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားကြေညာချက်များထုတ်ပြန်**

စာ - ၁၁ သို့